# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။ အရဟန္တဝဂ်(ဓမ္မပဒ-၉၅)


၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၁၀ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၄၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဇွန် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား အဆိုပါသင်တန်းကျောင်းရှိ မြဝတီခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖


**☆ တပ်မတော်သားကောင်းတစ်ဦးဖြစ်စေရေး လေ့ကျင့်ရေးကျောင်းများမှ လေ့ကျင့်သင်ကြားပေးလိုက်ပြီးဖြစ်၊ တပ်မတော်သားကောင်းများဖြစ်သည်နှင့်အညီ စစ်သားစိတ်အပြည့်ဖြင့် နေထိုင်ကျင့်ကြံကြရန်လို**




# ပူးပေါင်းပါဝင်မှ ခရီးတွင်မည်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်လျက်ရှိသည်။ MSME ခေါ် သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများမှာ မိမိတို့နိုင်ငံတွင် အများစုလုပ်ကိုင်နေကြပြီး အဓိကမောင်းနှင်အားလည်းဖြစ်ရာ MSME များကို အားပေးဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းစီးပွားရေးကို မြှင့်တင်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်တိုးမြှင့်နိုင်ရန်လည်း ရည်ရွယ်သည်။

MSME များကို အားပေးမြှင့်တင်ရာတွင် ကုန်ထုတ်လုပ်မှုကဏ္ဍကို အဓိကဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်နယ်ပယ်များအနေဖြင့် စားသုံးဆီထုတ်လုပ်မှု၊ ဆန်နှင့် ဆန်ကွဲကို အခြေခံသည့် ထုတ်လုပ်မှု၊ ပီလောပီနံကို အခြေခံသည့် ထုတ်လုပ်မှု၊ ရော်ဘာကို အခြေခံသည့် ထုတ်လုပ်မှု၊ ဝါကိုအခြေခံသည့် ထုတ်လုပ်မှု၊ ကော်ဖီနှင့်လက်ဖက်ကို အခြေခံသည့်ထုတ်လုပ်မှု၊ သစ်၊ ကြိမ်၊ ဝါးများကို အခြေခံသည့်ထုတ်လုပ်မှု၊ မွေးမြူရေး၊ အသားငါးကို အခြေခံသည့်ထုတ်လုပ်မှု၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးထုတ်လုပ်မှု စသည်တို့ကို မိမိတို့ဒေသအလိုက် ရရှိနိုင်သော ကုန်ကြမ်းများ အသုံးပြုထုတ်လုပ်ကြရန်ဖြစ်သည်။ ဖော်ပြပါ ကုန်ကြမ်းများသည် ပြည်တွင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ကုန်များ၊ သစ်တောသယံဇာတများဖြစ်ပြီး သေချာသော ကုန်ကြမ်းများဖြစ်သည်။ ကုန်ကြမ်းတစ်မည်ကို အခြေခံ၍ စားသောက်ကုန်၊ လူသုံးကုန် စသည့်ကုန်ချောအမယ်ပေါင်းများစွာကို တီထွင်နိုင်စွမ်းရှိသလောက် ထုတ်လုပ်နိုင်သည်။ အရည်အသွေးမြင့်မားစွာ ထုတ်လုပ်ပြီး အဆင့်မြင့်ထုပ်ပိုး၍ ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်သည်။

"MSME နှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်ခရီးစဉ်များတွင် လမ်းညွှန်ခဲ့သည်မှာ ညွှန်ကြားချက် ၁၉၀ ကျော်ရှိပြီး လုပ်ငန်းရှင်များနှင့် ဒေသခံများ၏ တင်ပြချက်များမှာ အချက်ပေါင်း ၂၃၀ ကျော်ရှိကြောင်း၊ ယင်းတင်ပြချက်များမှာ နည်းပညာ၊ ငွေကြေး၊ ဈေးကွက်နှင့် မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် အခြားကဏ္ဍများပါဝင်ကြောင်း၊ ယင်းတင်ပြချက်များအပေါ် မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အေဂျင်စီများနှင့် ချိတ်ဆက်ပြီး ကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း" အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၃) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် လုပ်ငန်းရှင်များ၏ တင်ပြချက်၊ လိုအပ်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထုတ်ကုန်နယ်ပယ်များ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်အေဂျင်စီများနှင့် ချိတ်ဆက်အကောင်အထည်ဖော်လျက်ရှိသည်။ ငွေကြေးနှင့်နည်းပညာများ ပံ့ပိုးနိုင်ရေး၊ သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်စွာရရှိရေး၊ ကျွမ်းကျင်လုပ်သားနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်ငန်းကဏ္ဍအတွက် အရင်းအမြစ်များစွာရှိသော်လည်း ကုန်ထုတ်လုပ်မှုအပေါ် အားပေးမှု နည်းပါးခဲ့သည်။ နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူရေးကဏ္ဍမှထွက်ရှိလာသော ထွက်ကုန်များမှာ ကုန်ကြမ်းများအဖြစ်ဖြင့်သာ ပြည်ပသို့တင်ပို့ခဲ့ကြသည်။ ဥပမာအားဖြင့် ပြောင်းဖူး၊ ကြံ စသည်တို့ကို အပင်လိုက်တင်ပို့မှုများ၊ နွား၊ ဆိတ် အရှင်အကောင်လိုက်တင်ပို့မှုများ စသည်တို့မှာ ထင်ရှားသော ဥပမာများပင်ဖြစ်သည်။ ပြည်တွင်းမှ ကုန်ကြမ်းကို ပြည်တွင်းမှာပင် ကုန်ချောထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်ခြင်း၊ ပြည်တွင်းစားသုံးမှု တိုးတက်ခြင်း စသည့်ရလဒ်များ ရရှိလာနိုင်မည်ဖြစ်သည်။ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ခြင်းဖြင့်သာ လိုအပ်သောသွင်းကုန်များ ပိုမိုတင်သွင်းရရှိနိုင်မည်ဖြစ်သည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အထူးတလည်အားပေးမြှင့်တင်မှုများ ပြုလုပ်လျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်မှုကို ရယူနိုင်ကြပါမည့်အကြောင်း။ ။



# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုအား စာပေပညာရှင်ကြီးများ လေ့လာဖူးမြော်ကြည်ညို

**နေပြည်တော် ဇွန် ၉**

(၂၉)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည့် စာပေပညာရှင် ဆရာကြီး၊ ဆရာမကြီးများသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုအား လေ့လာဖူးမြော်ကြည်ညိုကြသည်။



ရှေးဦးစွာ စာပေပညာရှင် ဆရာကြီး၊ ဆရာမကြီးများသည် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့် တူးဖော်ခြင်းနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃/၄)တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင်ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင် နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ပြီးစီးမှု၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိက အဆောက်အဦစိမ်းလန်းစိုပြည် သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိက အဆောက်အဦများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့် တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာပေပညာရှင်ကြီးများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် စုပေါင်းလှူဒါန်းငွေကျပ် ၂၁၀၀၀၀ အား လှူဒါန်းကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အဦများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုများကို လှည့်လည်လေ့လာကြည့်ရှုကြသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)ရှိ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၉**

တပ်မတော် (လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့် ဒေသများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။



ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့သော ဆန်အိတ် ၁၆၀ (ရှစ်တန်)ကို မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကလေးလေဆိပ်သို့လည်းကောင်း တပ်မတော်(လေ)ရှိ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။ **(ဝဲပုံ)**

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေး ပစ္စည်း ၄၉၁ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီ ဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၂၆၀ တို့အား ပို့ဆောင် ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေး ပစ္စည်းများအား မုန်တိုင်းဒဏ်သင့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သတင်းအေဂျင်စီလုပ်ငန်း ပိတ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက် တစ်ရပ်ရပ်နှင့်ငြိစွန်းသည်ဟု သံသယရှိသောထုတ်ဝေစာကို ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီစစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။ သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသူ ဦးဟံသာစန်း(A Times သတင်းအေဂျင်စီ) သည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားလွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းအားထုတ်ပေးထားသည့် A Times သတင်းအေဂျင်စီကို ၂၀၂၃ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှစတင်၍ ပိတ်သိမ်းလိုက်ကြောင်းနှင့် ၎င်းသတင်းအေဂျင်စီအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းခန်းမအတွင်း လှည့်လည်ကြည့်ရှုစဉ်။

☆ **အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများအဖြစ် သင်တန်းတက်ရောက်နေကြသူများသည် တက္ကသိုလ်များ၌ ဘွဲ့များရရှိခဲ့ပြီးကြသူများဖြစ်ကြသဖြင့် တက္ကသိုလ်ပတ်ဝန်းကျင် လူမှုအတွေ့အကြုံရှိပြီး လူမှုဆက်ဆံရေး အတွေ့အကြုံများစွာ ရှိထားပြီးသူများဖြစ်**

☆ **မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်လာသူများဖြစ်သဖြင့် ခံယူချက်များအခြေခံအားဖြင့် ကောင်းမွန်ပြီးဖြစ်၊ သင်တန်းတက်ရောက်စဉ် လေ့ကျင့်ရေးကာလအတွင်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေး စနစ်တကျလေ့ကျင့်သွားရန်လို**

❖ *ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများ တက်ရောက်ကြသည်။

**ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေး စနစ်တကျလေ့ကျင့်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများအဖြစ် သင်တန်းတက်ရောက်နေကြသူများသည် တက္ကသိုလ်များ၌ ဘွဲ့များရရှိခဲ့ပြီးကြသူများဖြစ်ကြသဖြင့် တက္ကသိုလ်ပတ်ဝန်းကျင်လူမှုအတွေ့အကြုံရှိပြီး လူမှုဆက်ဆံရေး အတွေ့အကြုံများစွာ ရှိထားပြီးသူများဖြစ်ကြောင်း၊ အသက်အရွယ်အားဖြင့်လည်း မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည့်အရွယ်များသို့ ရောက်ရှိပြီးဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်လာသူများဖြစ်သဖြင့် ခံယူချက်များအခြေခံအားဖြင့် ကောင်းမွန်ပြီးဖြစ်ကြောင်း၊ သင်တန်းတက်ရောက်စဉ် လေ့ကျင့်ရေးကာလအတွင်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေး စနစ်တကျလေ့ကျင့်သွားရန်လိုကြောင်း။

အခြေခံအားဖြင့် ကောင်းမွန်ပြီးဖြစ်သည့် စိတ်ဓာတ်များကို ပိုမိုကောင်းမွန်ခိုင်မာစေရေး လေ့ကျင့်တည်ဆောက်ကြရန်လိုပြီး ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုရှိအောင် စနစ်တကျဖြင့် လေ့ကျင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ သက်လုံကောင်းစေရန်နှင့် ကြံ့ခိုင်မှုရှိစေရန် နေ့စဉ်လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း သင်ကြားလေ့ကျင့်ပေးသည့် လေ့ကျင့်ရေးဆိုင်ရာများကို ကြံ့ခိုင်သည့် စိတ်ဓာတ်များဖြင့် လိုက်ပါဆောင်ရွက်ရန်လိုကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှသာ လေ့ကျင့်ရေးများ အောင်မြင်မည်ဖြစ်ကြောင်း၊ စစ်အတတ်ပညာများကို သင်ကြားပေးခြင်းသည် တိုက်ပွဲဝင်နိုင်စေရန် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း။

**ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်**

ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သဖြင့် ခေါင်းဆောင်မှု အင်္ဂါရပ်များကို သိရှိနားလည်ထားရန်လိုကြောင်း၊ ခေါင်းဆောင်များသည် အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည်ဖြစ်ပြီး ကိုယ်ချင်းစာစိတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ ကိုယ်ချင်းစာမှုအပိုင်းတွင် နှစ်ပိုင်းရှိပြီး သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းဟူ၍ ရှိကြောင်း၊ ရေတိုအလုပ်ဖြစ်စေရေးကြည့်၍ သဘောကောင်းသည့် ပုံစံမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်၍ စေတနာထားဆောင်ရွက်ရန်လိုကြောင်း၊ မိမိအထက်အရာရှိများ၏ တာဝန်ထမ်းဆောင်မှုနှင့် မိမိလက်အောက်မှ အရာရှိ၊ စစ်သည်များ၏ တာဝန်ထမ်းဆောင်မှုများ၊ အခက်အခဲများကို ကိုယ်ချင်းစာစိတ်နှင့် နားလည်မှုရှိရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုတာဝန်ဟူသည် အထက်နှင့် အောက်ကိုချိတ်ဆက်ပေးရမည်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် စိတ်ဖြင့်သာ ခေါင်းဆောင်မှု တာဝန်များကို ထမ်းဆောင်ကြရန်လိုကြောင်း၊ ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေး နောက်လိုက်ကောင်းများဖြစ်ရမည်ဖြစ်ကြောင်း၊ ညီညွတ်မျှတသည့် ကွပ်ကဲအုပ်ချုပ်မှုဖြင့် ခေါင်းဆောင်မှုကောင်းကို ပြသရန်လိုကြောင်း၊ စစ်ဘက်ခေါင်းဆောင်မှု ပညာရပ်များကို သင်တန်းကျောင်းမှ သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် ခေါင်းဆောင်အဖြစ် တာဝန်ယူချိန်တွင် ကိုယ်တိုင်အရည်အချင်းရှိရန်နှင့် ခေါင်းဆောင်ကောင်းဖြစ်အောင် တာဝန်ထမ်းဆောင်နိုင်ရန်လိုကြောင်း၊ ခေါင်းဆောင်မှုများ လွဲမှားမှုမရှိစေရေး မိမိတို့ အတွေ့အကြုံနှင့်ယှဉ်၍ သင်ကြားပေးလိုက်သည့် စစ်ဘက်ခေါင်းဆောင်မှုပညာရပ်များကို ထိရောက်စွာ အသုံးချနိုင်ရန်လိုကြောင်း။

**ယုံကြည်ချက်၊ ခံယူချက် ခိုင်မာမြင့်မားအောင်ဆောင်ရွက်**

ယုံကြည်ချက်၊ ခံယူချက်နှင့်ပတ်သက်၍ အခက်အခဲ၊ အကျပ်အတည်းများကြားမှ တပ်မတော်သို့ ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်သားကောင်း တစ်ဦးဖြစ်စေရေး လေ့ကျင့်ရေးကျောင်းများမှ လေ့ကျင့်သင်ကြားပေးလိုက်ပြီးဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ချိန်တွင် အခက်အခဲများကြုံတွေ့ရချိန်၌ တပ်မတော်သားကောင်းတစ်ဦးအဖြစ်ခံယူသည့် ယုံကြည်ချက်ခံယူချက်များ ခိုင်မြဲနေရန်လိုကြောင်း၊ တပ်မတော်သားကောင်းများဖြစ်သည်နှင့်အညီ စစ်သားစိတ်အပြည့်ဖြင့် နေထိုင်ကျင့်ကြံကြရန်လိုကြောင်း၊ တပ်မတော်မှ နိုင်ငံ့တာဝန်ထမ်းဆောင်မှုအပေါ် တပ်မတော်သား စိတ်ဓာတ်ဖြင့် နားလည်သဘောပေါက်ရန်လိုကြောင်း၊ မိမိကိုယ်ကို၊ မိမိ တပ်မတော်အပေါ်၊ မိမိနိုင်ငံတော်အပေါ် ယုံကြည်ချက် ခံယူချက်မြင့်မားရမည်ဖြစ်ကြောင်း။

**ရည်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းသွားကြရမည်**

မျှော်မှန်းချက် ရည်မှန်းချက်များဖြင့် အမျိုးသမီးစစ်မှုထမ်းဘဝကို ဝင်ရောက်ခဲ့ကြသူများဖြစ်သဖြင့် မိမိအနေဖြင့်အသိအမှတ်ပြုပါကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများနှင့် ရဲမေများသည် နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသူများဖြစ်ကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်ဆောင်ရွက်ကြရန်နှင့် ရည်မှန်းချက်များ မပျောက်ပျက်အောင် လုပ်ဆောင်ချက်များဖြင့် ထိန်းသိမ်းဆောင်ရွက်၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။


တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းခန်းမအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မှော်ဘီတပ်နယ်အတွင်းရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သဖြင့် ခေါင်းဆောင်မှု အင်္ဂါရပ်များကို သိရှိနားလည်ထားရန်လို၊ ခေါင်းဆောင်များသည် အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည်ဖြစ်ပြီး ကိုယ်ချင်းစာစိတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်**

☆ **မိမိအထက်အရာရှိများ၏ တာဝန်ထမ်းဆောင်မှုနှင့် မိမိလက်အောက်မှ အရာရှိ၊ စစ်သည်များ၏ တာဝန်ထမ်းဆောင်မှုများ၊ အခက်အခဲများကို ကိုယ်ချင်းစာစိတ်နှင့် နားလည်မှုရှိရမည်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက မြဝတီရုပ်မြင်သံကြားထုတ်လွှင့်မှုပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီ) သို့ သွားရောက်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မှော်ဘီ)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မှော်ဘီတပ်နယ်ရှိ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မှော်ဘီ)မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အစည်းအဝေးခန်းမတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မှော်ဘီ) တပ်မှူးတို့က မြဝတီရုပ်မြင်သံကြားထုတ်လွှင့်မှုပိုင်းဆိုင်ရာများ၊ သဇင် FM ထုတ်လွှင့်မှုပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေး တပ်များနှင့် တပ်မတော်အသံလွှင့်တပ်များ၏ သမိုင်းအကျဉ်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများနှင့် အဆင့်မြှင့်တင်ထုတ်လွှင့်နိုင်ခဲ့မှု၊ နေ့စဉ် ပြည်တွင်း၊ ပြည်ပသတင်းများအပါအဝင် အခြားသော ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ် အစီအစဉ်များစွာကို ထုတ်လွှင့်ပေးလျက်ရှိမှု၊ သဇင် FM မှ နေ့စဉ်ထုတ်လွှင့်ပေးလျက်ရှိသည့် အစီအစဉ်များ၊ ရုပ်သံထုတ်လွှင့်ရေးတပ်များ၊ အသံလွှင့်တပ်များ၏ တိုးတက်ဆောင်ရွက်နိုင်မှုများနှင့် အထွေထွေလိုအပ်ချက်များ၊ မြဝတီတေးဂီတအဖွဲ့နှင့် သံစုံတီးဝိုင်းငယ် အဆင့်ဆင့်တိုးတက်လာမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

> **“ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းများသည် လူထုဆက်ဆံရေးလုပ်ငန်းတစ်ခုပင်ဖြစ်၊ ထို့ကြောင့် အကျိုးရှိအောင်ဆောင်ရွက်ရန်နှင့် အကျိုးပြုသည့်လုပ်ငန်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်ရန်လို၊ မိမိတို့လုပ်ငန်း၏ အကျိုး၊ ပြည်သူလူထုနှင့် နိုင်ငံတော်အပေါ် အကျိုးပြုနိုင်မှုများကို သုံးသပ်ဆောင်ရွက်ရန်လို”**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေသည့် သတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများနှင့် အများပြည်သူ သိသင့်သိထိုက်သည့် ပြည်တွင်း၊ ပြည်ပသတင်းများကို မှန်မှန်ကန်ကန်နှင့် အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ထုတ်လွှင့်နေရန်လိုကြောင်း၊ ရုပ်သံထုတ်လွှင့်ခြင်းနှင့် ရေဒီယိုအသံလွှင့်ခြင်းများ ဆောင်ရွက်ရာတွင် အများပြည်သူစိတ်ဝင်စားမှုဖြစ်စေမည့် အစီအစဉ်များနှင့် အသိပညာပေးအစီအစဉ်များကိုလည်း ထုတ်လွှင့်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မှော်ဘီ)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်ကို ၁၉၉၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်ရေးနှင့် ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ စတင်ထုတ်လွှင့်ချိန်၌ ခေတ်နှင့်အညီဆောင်ရွက်နိုင်ခဲ့သဖြင့် ပြည်သူများကို စိတ်ပါဝင်စားအောင်ဆောင်ရွက်နိုင်ခဲ့ပြီး အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ ၃၃ နှစ်တာ ကာလအတွင်း အတွေ့အကြုံများ များစွာရရှိပြီးဖြစ်ကြောင်း။

## ရုပ်မြင်သံကြားထုတ်လွှင့်မှုသည် နိုင်ငံတော်နှင့်ပြည်သူကို အကျိုးပြုရန်လို

ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း လုပ်ငန်းများသည် လူထုဆက်ဆံရေးလုပ်ငန်း တစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အကျိုးရှိအောင်ဆောင်ရွက်ရန်နှင့် အကျိုးပြုသည့်လုပ်ငန်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့လုပ်ငန်း၏ အကျိုး၊ ပြည်သူလူထုနှင့် နိုင်ငံတော်အပေါ် အကျိုးပြုနိုင်မှုများကို သုံးသပ်ဆောင်ရွက်ရန်လိုကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

မိမိတို့ထုတ်လွှင့်သည့် ရုပ်သံထုတ်လွှင့်မှုများကို နိုင်ငံအနှံ့နေရာအားလုံး၌ ဖမ်းယူကြည့်ရှုနိုင်ရန်လိုကြောင်း၊ ဒေသအလိုက် တပ်ရင်း၊ တပ်ဖွဲ့များ၊ ဒေသခံပြည်သူများသာမက ရှေ့တန်းရောက်တပ်မတော်သားများအနေဖြင့်လည်း အသံထုတ်လွှင့်မှု အစီအစဉ်များကို ဖမ်းယူရရှိနိုင်ရန်လိုကြောင်း၊ လိုအပ်သည့် သတင်းအချက်အလက်အမှန်များနှင့် သုတရသဖြစ်ဖွယ်၊ စိတ်ချမ်းမြေ့ဖွယ် အစီအစဉ်များကို ဖမ်းယူနားဆင်နိုင်ရမည်ဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ ရည်ရွယ်ချက်မှာ **"ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်နှင့် စည်းရုံးရန်"** ဖြစ်ကြောင်း၊ နည်းမှန်လမ်းမှန်ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့် ပညာပေးခြင်းတို့ကို ဆောင်ရွက်မှုသည် စည်းရုံးရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဖျော်ဖြေမှုများ ဆောင်ရွက်ရာတွင် အသံနှင့်အရုပ်နှစ်ခုလုံး ပါဝင်ကြောင်း၊ မိမိတို့ မသိရှိသေးသည့် အကြောင်းအရာနှင့် အသိပညာဗဟုသုတများကို ထုတ်လွှင့်ပေးခြင်းသည် ပညာပေးခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မှန်မှန်ကန်ကန်ဖြင့် ထုတ်လွှင့်နိုင်ရန်နှင့် ကျေးလက်ဒေသများရှိ ပြည်သူများပါ နားလည်နိုင်သည့် လွယ်ကူရှင်းလင်းသည့် ထုတ်လွှင့်မှုများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ မိမိတို့ဌာန၏ လုပ်ငန်းရည်မှန်းချက်များ အောင်မြင်စေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုပ်သံတိုက်ရိုက်ထုတ်လွှင့်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အသုံးပြုသည့် OB Van (Outdoor Broadcasting Van)နှင့် Uplink Vehicle ယာဉ်များ အသုံးပြုလျက်ရှိမှုအခြေအနေကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (မြဝတီ) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို တပ်မှူးထံ ပေးအပ်စဉ်။

### မီဒီယာလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် မြန်မာနှင့် ကမ္ဘာအကြောင်း သိရှိနှံ့စပ်ကျွမ်းကျင်ရမည်

ထိုကဲ့သို့သော ပြည်သူလူထုသို့ ပြန်ကြားရေးတာဝန်များကို ထမ်းဆောင်နေကြရသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများနှင့် ပတ်သက်၍လည်း မှန်မှန်ကန်ကန်သိရှိထားရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ ထိုသို့တပ်မတော်မှ နိုင်ငံတော်တာဝန်ထမ်းဆောင်မှုအပေါ် နိုင်ငံရေးအရသဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမဲမသမာမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့မှုမရှိခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအကြောင်းကို ဘက်စုံထောင့်စုံမှ အသေးစိတ်သိရှိပြီး ယုံကြည်ချက်၊ ခံယူချက် လေးနက်စွာ ခံယူမှုရှိရမည်၊ ဗဟုသုတပြည့်စုံကြွယ်ဝပြီး စဉ်ဆက်မပြတ် လေ့လာဆည်းပူးလိုစိတ်ရှိရမည်၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်စဉ်များကို နှံ့စပ်စွာသိရှိနားလည်ရမည်ဖြစ်ကြောင်း။

သတင်းများထုတ်လွှင့်ခြင်းနှင့် အစီအစဉ်များ ထုတ်လွှင့်ရာတွင် သွက်လက်ဖျတ်လတ်၍ နှစ်လိုဖွယ်ဖြစ်အောင် တည်းဖြတ်ခြင်းများကို စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လွှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တည်းဖြတ်သူ၊ ကြီးကြပ်သူများအနေဖြင့် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများအတွက် ပညာပေးအစီအစဉ်များထုတ်လွှင့်ရာတွင် ပြည်သူများ အမှန်တကယ်ပညာရရှိနိုင်သည့် ထုတ်လွှင့်မှုများဖြစ်ရန် လိုသဖြင့် ဂရုစိုက်ဆောင်ရွက်ရန်လိုကြောင်း။

### တပ်တွင်းစည်းလုံးညီညွတ်ရေး

လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိဘဝရပ်တည်မှုအတွက် ဆောင်ရွက်နေခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ကြောင်း၊ စိတ်သန့်သန့်ဖြင့် ဆောင်ရွက်မှသာ မိမိကိုယ်ကို ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ မီဒီယာလုပ်ငန်းများ ဆောင်ရွက်နေသူများဖြစ်သဖြင့် စည်းလုံးမှုပိုမိုရရှိရန်လိုကြောင်း၊ မိမိတို့ လုပ်ဖော်ကိုင်ဖက်ညီအစ်ကိုမောင်နှမအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ မတူညီသည့် ဒေသများမှ လာရောက်၍တာဝန်ထမ်းဆောင်ကြခြင်းဖြစ်သဖြင့် မိသားစုစိတ်ဓာတ်၊ ညီအစ်ကိုမောင်နှမစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြမည်ဆိုပါက လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း။

### ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ပေါ်ထွက်လာရေး

လုပ်ငန်းအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များပြည့်ဝစေရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ လူသားအရင်းအမြစ်များ ပြည့်စုံစေရေးအတွက် အရင်းအမြစ်အသစ်များကို စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားပေးခြင်းနှင့် ရှိပြီးသားလူသားအရင်းအမြစ်များကို ပိုမို၍ ကျွမ်းကျင်သူများဖြစ်လာအောင်ဆောင်ရွက်ခြင်းဟူ၍ နှစ်ပိုင်းရှိရာ နှစ်ပိုင်းလုံးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ရုပ်မြင်သံကြားထုတ်လွှင့်ရေးအတွက် လိုအပ်သည့် စက်ပစ္စည်းများကိုလည်း ရှိပြီးဖြစ်သည့် စက်ပစ္စည်းများကို အကောင်းဆုံးအသုံးပြုရန်နှင့် ရေရှည်ကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ ရှေးယခင်ကအသုံးပြုခဲ့သည့် စက်ပစ္စည်းများကိုလည်း ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ သမိုင်းသည် မိမိတို့အတွက် တန်ဖိုးဖြတ်၍ မရနိုင်သဖြင့် အသုံးအဆောင်ပစ္စည်းများ၊ မှတ်တမ်းမှတ်ရာ ထိန်းသိမ်းခြင်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်နေရန်လိုကြောင်း၊ *စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မြဝတီ) စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

ယခုလက်ရှိ တာဝန်ထမ်းဆောင်နေသူများသည် ပစ္စုပ္ပန်သမိုင်းကို ရေးထိုးနေကြသူများဖြစ်သဖြင့် လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့၏ ကောင်းမွန်သည့်သမိုင်းများ ကျန်ရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (မြဝတီ) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်မှူးကလက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြဝတီ) ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် ရုပ်သံတိုက်ရိုက်ထုတ်လွှင့်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အသုံးပြုသည့် OB Van (Outdoor Broadcasting Van)နှင့် Uplink Vehicle ယာဉ်များအသုံးပြုလျက်ရှိမှုအခြေအနေကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (မြဝတီ)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ် မြဝတီတေးဂီတအဖွဲ့၊ သံစုံတီးဝိုင်းငယ် (Mini-Orchestra)မှ အဖွဲ့သားများက တယော၊ စောင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (မြဝတီ) စက်ရုံအတွင်း လှည့်လည်၍ ပြင်ဆင်ခန်းများ၊ သတင်းထုတ်လွှင့်ခန်းများ၊ တည်းဖြတ်ခန်းများနှင့် ကွန်ပျူတာစက်ခန်းများအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်လိုအပ်သည်များကို လုပ်ငန်းခွင်မပျက် အပိုင်းလိုက်ခွဲ၍ ပြုပြင်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြဝတီ)အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (မြဝတီ)ကို ၁၉၉၀ ပြည့်နှစ်၊ ဧပြီ လ ၁ ရက်နေ့တွင် စတင်ဖွဲ့လှစ်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်တွင် Analog Playout စနစ်ဖြင့် စတင်စမ်းသပ်ထုတ်လွှင့်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက် ရွှေရတုတပ်မတော်နေ့တွင် မြဝတီရုပ်မြင်သံကြားကို တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်အဖြစ် စတင်ဖွဲ့လှစ်နိုင်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် Digital Playout စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်နိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် Digital ရုပ်သံလိုင်း ၇ လိုင်းကို ထုတ်လွှင့်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အင်္ဂလိပ်ပိုင်းသတင်းနှင့် အစီအစဉ်များကို ထပ်မံတိုးချဲ့ ထုတ်လွှင့်နိုင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် မတ် ၂၇ ရက်မှစ၍ ရုပ်သံလိုင်းများအား HD စနစ်ဖြင့် ထုတ်လွှင့်နိုင်ခဲ့ကြောင်း၊ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်အနေဖြင့် ပြည်တွင်း၊ ပြည်ပသတင်းများ၊ ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်များ၊ ဗဟုသုတဖြစ်ဖွယ်နှင့် သုတရသဖြစ်ဖွယ် အစီအစဉ်များကို နေ့စဉ်ထုတ်လွှင့်ပြသလျက်ရှိကြောင်း၊ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)အနေဖြင့် ကြည့်ရှုသူများကို မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်များ ရရှိစေရေး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ အမျိုးသားရေးအမြင်ရှိစေရေး အစဉ်ကြိုးပမ်းထုတ်လွှင့်လျက်ရှိပြီး နိုင်ငံတော်နှင့် တပ်မတော်၏ ပဓာနကျသည့် သွက်လက်ထက်မြက်သည့် မီဒီယာတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ထားရှိသော နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ ဟောပြောဆွေးနွေး

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ထားရှိသော နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ ဟောပြောဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စက်မှုဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေ မန်နေဂျာများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဟောပြောပွဲသို့ တက်ရောက်လာကြသော အရာရှိကြီးများသည် ဝန်ထမ်းအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်ရေးလုပ်ငန်းများကို လက်တွေ့တာဝန်ယူ ဆောင်ရွက်နေကြသူများဖြစ်သဖြင့် အရာရှိကြီးများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်ကို ကောင်းစွာသိရှိနားလည်ပြီး ပြောင်းလဲလာသော ခေတ်မီနည်းပညာ၊ အတတ်ပညာများကို အမြဲလေ့လာဆည်းပူးကြရန်နှင့် မိမိတို့ လက်အောက်ရှိ ဝန်ထမ်းများကို ပြောင်းလဲတိုးတက်လာသည့် ခေတ်မီနည်းပညာများကို စဉ်ဆက်မပြတ်လေ့လာ သင်ယူနိုင်စေရေး ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ အရာထမ်းကြီးများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရမည် ဖြစ်ကြောင်း၊ မိမိလက်အောက် ဝန်ထမ်းများကိုလည်း သင်ကြားပြသ လမ်းညွှန်မှုပြုရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်ထားရှိသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို တိကျစွာလိုက်နာကြရမည်ဖြစ်ပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်ထားသည့် ရုံးလုပ်ငန်းလက်စွဲကို လက်ကိုင်ပြုထားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန်က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည် ရှင်းလင်းကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ယခုနှစ် မိုးစပါးရာသီ ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးဧက ၁၁၄၅၀၀၀ စိုက်ပျိုးရန်လျာထား

**ရန်ကုန် ဇွန် ၉**

ယခုနှစ် မိုးစပါးရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မိုးစပါးဧက ၁၁၄၅၀၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၁၈ မြို့နယ်တွင် မိုးစပါးများ စိုက်ပျိုးသွားမည်ဖြစ်ပြီး မိုးစပါးအများဆုံးစိုက်ပျိုးသော သုံးခွမြို့နယ်၌ ၁၅၃၈၂၂ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးတဲ့ မိုးစပါးကို ပြည်တွင်းစားသုံးမှုနဲ့ ပြည်ပပို့ကုန်အဖြစ် စိုက်ပျိုးနေတာဖြစ်ပါတယ်။ မိုးစပါးလျာထားဧက ပြည့်မီအောင်စိုက်ပျိုးဖို့နဲ့ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် စိုက်ပျိုးရေးနည်းစနစ်၊ အပင် ပြုစုခြင်းနဲ့ သီးနှံကာကွယ်ခြင်းလုပ်ငန်းနဲ့ ရိတ်သိမ်း ချိန်လွန်ပညာပေးရေးလုပ်ငန်းတွေကို ကာလအလိုက် ပညာပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနှစ် မိုးစပါးဧက ၁၁၄၅၀၀၀ တိုင်းဒေသကြီးအတွင်းမှာစိုက်ပျိုးဖို့ လျာထားဆောင်ရွက်နေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အရင်းမပျောက် မတည်ငွေကျပ်ဘီလီယံ ၂၃၀ ဖြင့် မိုးစပါးသီးနှံအတွက် ၇၁၁၁၁ ဧကကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝယ်ယူကြိတ်ခွဲရေးအစုအဖွဲ့ကုမ္ပဏီ ၁၆ ခုနှင့် သမအသင်းစု သုံးစုတို့က မြို့နယ် ၁၃ မြို့နယ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

**ညိမ်းသူ(သတင်းစဉ်)**

## ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇွန် ၉**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ချင်းပြည်နယ်အတွင်း ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စေတနာရှင် အလှူရှင်များဖြစ်သည့် သူရဦးဘိုရှိ (ခြူးနဂါးဆေးပေါ့လိပ်) မိသားစုက အလှူငွေကျပ်သိန်း ၂၀၀၊ ဦးအောင်မျိုးဟိန်းမိသားစုက အလှူငွေကျပ်သိန်း ၁၀၀၊ ဦးစိုးဝင်းထွန်း မိသားစုက အလှူငွေကျပ်သိန်း ၅၀၊ West Corporation Japan မှ အလှူငွေကျပ် သိန်း ၅၀၊ ဗိုလ်သင်တန်းအမှတ်စဉ်(၆၆)မှ အရာရှိများက အလှူငွေကျပ်သိန်း ၄၀၊ ဦးသန့်ဇင် (သုခကမ္ဘာဆေးခန်း) မိသားစုက အလှူငွေကျပ် ၁၀ သိန်းနှင့် အခြားစေတနာရှင် အလှူရှင်များက အလှူငွေများနှင့် စားသောက်ကုန်ပစ္စည်းများအား ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



အလားတူ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့်ဇနီး ဒေါ်ကေသွယ်မိသားစုက ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေကျပ် ၄၅ သိန်းကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး (အပေါ်ပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၂၉) ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၉

**(၂၉) ကြိမ်မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Horizon lake View Resort ၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဒေါက်တာမျိုးသိန်းကျော်၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် ဆုရဆရာကြီး၊ ဆရာမကြီးများ၊ ပခုက္ကူစာပေဆုကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စာပေကဏ္ဍအတွက် တန်ဖိုးဖြတ်၍ မရနိုင်သော ပခုက္ကူစာပေဆု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရေးပိုင်းမှ ကြည့်မည်ဆိုလျှင်လည်း ပခုက္ကူပညာရည်ချွန်ဆုရရှိခဲ့သည့် သား၊ သမီးများသည် ယခုအခါ ပညာရပ်နယ်ပယ်အသီးသီးတွင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နေကြပြီဖြစ်သည့်အတွက် အောင်မြင်မှုအသီးအပွင့်များ ဝေဆာနေပြီဖြစ်ပါကြောင်း။

စာကြည့်တိုက်လုပ်ငန်းဖွံ့ဖြိုးရန်နှင့် စာဖတ်သူများ စာအုပ်ကောင်းများ ဖတ်ရှုနိုင်ရန် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုကိုလည်း ၂၀၁၃ ခုနှစ်က စတင်ချီးမြှင့်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် စာအုပ်ပေါင်း ၄၁ အုပ်ကို ဆုချီးမြှင့်ပြီး စာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ဘာသာရပ်တိုင်းတွင် ဆုရရှိသည့် စာမူလက်ရာများသည် နိုင်ငံနှင့် ပြည်သူအတွက် ရသ၊ သုတ ဖြည့်ဆည်းပေးနိုင်မည့် ဘဝလမ်းညွှန်စာမူကောင်းများ ဖြစ်ပါကြောင်း၊ ဆုရရှိသူ ဆရာ ဆရာမများအားလုံးလည်း မိမိတို့ကလောင်စွမ်းဖြင့် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေ၊ ပညာရည်ချွန်ဆုရရှိကြသည့် သမီးငယ်များသည်လည်း အနာဂတ်တွင် တိုင်းပြည်နှင့်လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာဉာဏ်စွမ်းဖြင့် ကြိုးစားဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီခင်ဦး) ကိုယ်စား မိသားစုဝင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။






မြန်မာစာပေပညာရှင်များ၏ ဝိုင်းဝန်းကြိုးပမ်းမှုများ ပါဝင်သကဲ့သို့ စာပေပညာရှင်များကို ချီးမြှင့်သည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက စာပေဆုတည်ထောင်သူများ၏ အားစိုက်ထုတ်မှုသည်လည်း အဓိကကျပါကြောင်း၊ ပခုက္ကူဦးအုံးဖေစာပေဆုသည် ၁၉၉၄ ခုနှစ်တွင် စတင်ခဲ့သည့်အတွက် သက်တမ်းရှည် ပုဂ္ဂလိက စာပေဆုတစ်ခုဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရှိ စာဖတ်ပရိသတ် ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန် ရည်ရွယ်လျက် စာပေအလှူဒါန မတည်ငွေဖြင့် ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆုနှင့် စာပေဆုဘာသာရပ်လေးမျိုးကို စတင်ချီးမြှင့်ခဲ့ပါကြောင်း၊ ယခုအခါ တစ်သက်တာ စာပေဆုနှင့် ဘာသာရပ်ငါးမျိုးကို ဆုချီးမြှင့်လျက်ရှိပါကြောင်း၊ ဘဝတစ်သက်တာလုံး စာပေအကျိုးကို တစိုက်မတ်မတ် စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်ခဲ့သည့် စာရေးဆရာ၊ စာရေးဆရာမကြီးများကို တစ်သက်တာစာပေဆုအဖြစ် ဂုဏ်ပြုချီးမြှင့်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၃၅ ဦးအထိ ရှိလာပြီဖြစ်ပါကြောင်း။

ယင်းနောက် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)နှင့် ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ – ညောင်ဦး)တို့အား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝတ္ထုရှည်ပထမဆုရ မောင်ငြိမ်းမွန် (ချောင်းဦး)၊ ဒုတိယဆုရ ပုသိမ်အောင်သန်းဦးနှင့် တတိယဆုရ ဘိုမျိုး(ရွှေဘို)တို့အား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဝတ္ထုတိုပထမဆုရ စိုးမြင့်(စက်မှုတက္ကသိုလ်)၊ ဒုတိယဆုရ သက်နှင်းညို နှင့် တတိယဆုရ ကိုကေအီး(နိဗ္ဗာန်)တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ကျမ်းစာပေ ပထမဆုရ မောင်မြကျော်၊ ဒုတိယဆုရ ကျော်သက်ခိုင်(မုံရွာ)နှင့် တတိယဆုရ သိဒ္ဓိမောင်ဒွေးတို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က သုတေသနစာပေ ပထမဆုရ တင်တော်၊ ဒုတိယဆုရ ဒေါက်တာခင်စန်းရီနှင့် တတိယဆုရ မင်းသူရိန် (ထားဝယ်)တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က (၂၉) ကြိမ်မြောက် ပညာရည်ချွန်ဆုရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန ဒုတိယနှစ်ကျောင်းသူ မခိုင်သဇင်သိန်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန ဒုတိယနှစ်ကျောင်းသူ မမြတ်ရွှေစင်မှူးတို့အားလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ကဗျာပေါင်းချုပ် ပထမဆုရ ငွေးသစ်လွင်(ပရိမ္မ)၊ ဒုတိယဆုရ ချစ်စုအောင်နှင့် တတိယဆုရ ခက်ဇော်(ကဗျာ)တို့အားလည်းကောင်း၊ ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းခိုင်ဦးက ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုရ MP Maung Myint၊ အောင်တိုး (စိန်ခြယ်)နှင့် ဦးမြင့်နိုင်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် (၂၉)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူ စာပေဆု၊ တစ်သက်တာဆုရ ဆရာမကြီးဒေါ်တင်ရီ(တင်ရီမ–ညောင်ဦး)က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းခိုင်ဦးက ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်နှင့် စာပေအတွက် အကျိုးပြုပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ပခုက္ကူစာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌတို့သည် ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆု အပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတို ပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆု စုစုပေါင်း ၁၇ ဆုကို ချီးမြှင့်နိုင်ခဲ့ပြီး ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆု သုံးဆုနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆု နှစ်ဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညမှ ဇွန် ၁၁ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ရာသီဥတုအခြေအနေနှင့် မိုးလေဝသသတိပေးချက်များကို အချိန်ပြည့်စောင့်ကြည့်ပြီး လိုအပ်ပါက သင်္ဘောများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းသွားရန်မှာကြား

**စစ်တွေ ဇွန် ၉**

စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း တို့သည် ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ကုလားတန်ဘက်စုံသုံးဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် သင်္ဘောကြီးများပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ချနေမှု (ယာပုံ) နှင့် စစ်တွေကမ်းနားလမ်း တစ်လျှောက် ပြန်လည်ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် MCL-3၊ MCL-5 နှင့် CHARITES သင်္ဘောများပေါ်မှ အမိုးသွပ်၊ သစ်ခွဲသား၊ အုတ်နှင့် ဘိလပ်မြေများကို မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မုတ်သုံဝင်ရောက်မှုကြောင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် မိုးသက်လေပြင်းများ တိုက်ခတ်ပြီး လှိုင်းကြီးနိုင်သည့်အတွက် ရာသီဥတုအခြေအနေနှင့် မိုးလေဝသ သတိပေးချက်များကို အချိန်ပြည့် စောင့်ကြည့်ပြီး လိုအပ်ပါက သင်္ဘောများ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်း သွားရန်၊ ရာသီဥတုအခြေအနေပေါ်မူတည်၍ ရေစိုခံသည့်ပစ္စည်းများကို ဦးစားပေးတင်ဆောင်ရန်၊ ရေစိုမခံသည့် ပစ္စည်းများကို အမိုးအကာများ ဖုံးအုပ်၍ ပျက်စီးလေလွင့်မှုမရှိအောင် စနစ်တကျ ထားရှိရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဆိပ်ကမ်း၌ လုပ်အားပေး ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားကာ အလှည့်ကျစနစ်ဖြင့် အနားပေးသွားရန်၊ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးလိုအပ်ချက်များကို စနစ်တကျကြီးကြပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေမြို့ ကမ်းနားလမ်းတစ်လျှောက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရာသီဥတုအခြေအနေကြောင့် ဒီရေမြင့်တက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အဦများ ပြန်လည်ပြုပြင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် ဒေသတွင်းနှင့် အခြားဒေသများမှ သစ်များကို စစ်တွေမြို့သို့သယ်ယူပြီး ယာယီသစ်ခွဲစက်များဖြင့် ခွဲစိတ်၍ လိုအပ်ချက်ရှိသည့်နေရာဒေသများသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အထိ စုစုပေါင်းရောက်ရှိသစ်ခွဲသားနှင့် ခွဲစိတ်ပြီးသစ် ၁၃၆၉ တန်၊ ဖြန့်ခွဲပြီးသည့် သစ်ခွဲသား ၇၅၈ တန် ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် သစ်ခွဲသားများကိုလည်း လိုအပ်သည့်နေရာများသို့ ဆက်လက် ဖြန့်ခွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးအော်ပရေတာ လေးခု၏ မိုဘိုင်းစခန်း စုစုပေါင်း ၁၂၃၃ စခန်း ရှိသည့်အနက် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် မိုဘိုင်းစခန်း ၉၀၄ စခန်း ဆက်သွယ်မှုပြတ်တောက်ခဲ့ပြီး ကျန်စခန်း ၃၂၉ ခုဖြင့်သာ ဝန်ဆောင်မှုပေးခဲ့ရာမှ ပြတ်တောက်သွားသော မိုဘိုင်းစခန်းများ ဆက်သွယ်မှု ပြန်လည်ရရှိရေးအတွက် မိုက်ခရိုဝေ့ဗ်အင်တာနာများ တပ်ဆင်ခြင်း၊ ချိန်ညှိခြင်းနှင့် စက်ပစ္စည်းများ စစ်ဆေးခြင်း၊ အစားထိုးတပ်ဆင်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ဇွန် ၉ ရက်အထိ မိုဘိုင်းစခန်း စုစုပေါင်း ၈၈၂ စခန်း ပြန်လည်ပြုပြင်နိုင်ခဲ့သဖြင့် စုစုပေါင်းမိုဘိုင်းစခန်း ၁၂၁၁ စခန်း ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၂၂ ရာခိုင်နှုန်းဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြန်လည်ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (ဝဲပုံ) **သတင်းစဉ်**







***

❖ *ကျောဖုံးမှ*

တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြပြီး တာဝန်ကျ ဆရာ ဆရာမများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျကြည့်ရှုနိုင်ကြစေရန် ကြီးကြပ်ဆောင်ရွက်ပေးသည်။

အဆိုပါ စာမေးပွဲထုတ်ပြန်မှုနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက "ဒီနှစ် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ မန္တလေးတိုင်းရဲ့ အောင်ချက်က ၇၂ ဒသမ ၅၈ ရာခိုင်နှုန်းဖြစ်ပါတယ်။ တိုင်းနဲ့ပြည်နယ်အားလုံးမှာ မန္တလေးတိုင်းက ပထမအဆင့်ဖြစ်ပါတယ်။ ဒါ့အပြင် သိပ္ပံဘာသာတွဲ အမှတ်အများဆုံး ၁၁ ဦးမှာလည်း မန္တလေးတိုင်းဒေသကြီးက ခုနစ်ဦး ပါဝင်ပါတယ်။ ဒီနေ့ အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူတွေရော သူတို့ရဲ့ မိဘတွေအတွက်ပါ ဂုဏ်ယူပါတယ်" ဟု ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့သည့်အပြင် မြန်မာတစ်နိုင်ငံလုံးတွင် အဆင့်(၆)ဖြင့် အောင်မြင်ခဲ့သည့် မဆုမြတ်နိုးဇော်က "တစ်နေ့စာတစ်နေ့ကိုပဲ အဓိကပိုင်အောင်လုပ်တယ်။ ကျန်တာကတော့ မေးခွန်းဟောင်းတွေလေ့လာပြီး ဆရာ ဆရာမတွေ သင်ကြားပြသမှုနဲ့အတူ ကိုယ်တိုင်လည်း လေ့လာသင်ယူကြိုးစားခဲ့ရပါတယ်။ အခုလိုတစ်နိုင်ငံလုံးအဆင့်(၆) ရရှိခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ဆေးတက္ကသိုလ်တက်ဖို့ရည်မှန်းထားပါတယ်။ အနာဂတ်မှာဆရာဝန်ကောင်းတစ်ယောက်ဖြစ်ချင်ပါတယ်။ ဖေဖေနဲ့မေမေကိုလည်း အလွန်ကျေးဇူးတင်ပါတယ်။ ဝိုင်းဝန်းအားပေးကြတဲ့ သူငယ်ချင်းတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဘယ်လိုအခက်အခဲတွေပဲ ကြုံကြုံ ကိုယ်ရဲ့အဓိကရည်မှန်းချက်၊ ကိုယ့်ရဲ့ဦးတည်ချက်လမ်းမပျောက်စေဘဲနဲ့ ဆက်လက်ကြိုးစားကြဖို့ ပြောချင်ပါတယ်" ဟု ပြောသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam. orgတွင် ယနေ့ နံနက် ၄ နာရီ အချိန်မှစတင်၍ ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။

သိပ္ပံဘာသာတွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ မနှင်းလဲ့ရည်ကလည်း "ဆရာ ဆရာမတွေသင်တဲ့စာကို တစ်နေ့စာတစ်နေ့သေချာလုပ်ခဲ့လို့ အခုလို အောင်မြင်ခဲ့တာပါ။

ဂုဏ်ထူးရဖို့မျှော်မှန်းမထားပေမယ့် အကောင်းဆုံးဖြေဆိုမယ်ဆိုပြီး ကြိုးစားခဲ့တယ်။ မေမေကလည်း အကောင်းဆုံးဖြစ်အောင်ကြိုးစားဖို့ ပြောတယ်။ ကျန်းမာရေးအတွက်လည်း အားဆေးတွေအပြင် အခြားလိုအပ်တာတွေလည်း ဖြည့်ဆည်းပေးတယ်။ အောင်စာရင်းမထွက်ခင် တစ်ညလုံးလည်း အိပ်မပျော်ခဲ့ဘူး။ အောင်စာရင်းထွက်မယ့်အချိန်ကို စောင့်မျှော်ခဲ့ရတယ်။ ဒီမနက် ၄ နာရီမှာထပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနရဲ့ Website ကနေ အရင်ကြည့်တယ်။ သေချာအောင်လို့ ကျောင်းကိုလည်း သွားကြည့်တယ်။ အခုလို ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်တော့ အလွန်ကိုပျော်ပြီးထခုန်မိတယ်။ အမေကဆို ငိုတောင်ငိုတယ်။ သမီးက နိုင်ငံတော်ကိုအကျိုးပြုတဲ့ ဆရာဝန်မကြီးဖြစ်ချင်တယ်။ ပထမဆုံးအနေနဲ့ သမီးရဲ့မိဘနှစ်ပါးကို ကျေးဇူးတင်ပါတယ်။ သင်ကြားပြသပေးတဲ့ဆရာ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဦးဇော်မိုးလွင်က "ပထမဆုံးပြောချင်တာက သမီးလေးက မြန်မာတစ်နိုင်ငံလုံးမှာ အဆင့်(၆)၊ မန္တလေးတိုင်းမှာအဆင့်(၅)နဲ့အောင်မြင်တဲ့အတွက် အလွန်ကိုပျော်လည်းပျော်တယ်။ ဝမ်းလည်းသာတယ်။ ဂုဏ်လည်းယူပါတယ်။ သမီးလေး ခုလိုပေါက်မြောက်အောင်မြင်အောင် သင်ကြားပေးခဲ့တဲ့ ဆရာ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ သမီးလေးက ဆရာ ဆရာမတွေ သင်ကြားပို့ချတဲ့အတိုင်း အချိန်ဇယားနဲ့ သွားတယ်။ သမီးရဲ့လိုအပ်ချက်တွေကိုလည်း လိုက်လံဖြည့်ဆည်းပေးခဲ့တယ်။ သမီးလေးကိုပြောတယ်။ ဘယ်လိုအခက်အခဲတွေပဲရှိရှိ ရည်မှန်းချက်ကို အောင်မြင်အောင်လုပ်ဖို့နဲ့ သမီးရဲ့နောက်မှာ ဖေဖေ၊ မေမေတို့ ရှိတယ်ဆိုပြီး အမြဲအားပေးခဲ့တယ်" ဟု ပြောသည်။

အလားတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို Website မှ အသိပေးထုတ်ပြန်ကြေညာသည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ် ကောင်းစွာမရရှိသော စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှလည်း ကြေညာပေးခဲ့သည်။

ထို့ပြင် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ မန္တလေး ဗဟိုအကျဉ်းထောင်စာစစ်ဌာနမှလည်း ဝင်ရောက်ဖြေဆို သူ ၂၉ ဦး ရှိခဲ့ပြီး အောင်မြင်မှုအနေဖြင့် လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၃ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် လေးဦးတို့ဖြင့် ရာခိုင်နှုန်းပြည့် ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

***

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် One Stop Service – OSS လုပ်ငန်းဆောင်ရွက်နေမှု သွားရောက်ကြည့်ရှု

**ရန်ကုန် ဇွန် ၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဌာန၏ဝန်ထမ်းများသည် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အရေးပါသည့် အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေရသည့်အားလျော်စွာ ဝန်ထမ်းများ၏ တစ်ဦးချင်း စွမ်းဆောင်ရည် ကောင်းမွန်ရန်လည်း လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရှိ ဌာနခွဲများ၏ ဝန်ဆောင်မှုပေးနေမှု၊ ရုံးပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရုံးစာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ အသိပညာမျှဝေဆွေးနွေးခြင်း ဆွေးနွေးပွဲအမှတ်စဉ် (၁၆) သို့ အွန်လိုင်းမှတစ်ဆင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းတောက်အောင်၏ "Investor Targeting and Lead Generation" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြမှုကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ တစ်စုတစ်စည်းတည်းအလုံးစုံ ဝန်ဆောင်မှုပေးသည့်အဖွဲ့ (One Stop Service – OSS) မှ တာဝန်ရှိသူများကို တွေ့ဆုံပြီး လုပ်ငန်းစဉ်များ ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဌာနအချင်းချင်း ပူးပေါင်း၍ ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး၊ ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ ဆောင်ရွက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအသိုက်အဝန်း၏ ယုံကြည်အားကိုးရသည့် မိတ်ဖက်ဌာနများ ဖြစ်စေရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားကာ One Stop Service – OSS ဌာန လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ကျေးလက်နေပြည်သူများ၏ ကျေးလက်လမ်းတံတားလိုအပ်ချက်များတင်ပြလာမှုကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်

**နေပြည်တော် ဇွန် ၉**

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် သမဝါယမနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျ ထွန်းကားစေရေး၊ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနကလည်း ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ ဒေသထွက်ကုန်များ အရည်အသွေးပြည့်မီစွာ ဈေးကွက်တင်ပို့နိုင်ရေးအတွက် ကျေးရွာနှင့် မြို့ပြ ချိတ်ဆက်သောလမ်းများ၊ ကျေးရွာတွင်ရှိသည့် ဈေးကွက်နှင့် ချိတ်ဆက်သောလမ်းများ စသည့် ကျေးလက်လမ်း ကွန်ရက်များ ချိတ်ဆက်ရန် လိုအပ်လျက်ရှိပြီး ဝန်ထမ်းများအားလုံး နားလည်သဘောပေါက်ကာ တာဝန်ကျေပွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကျေးလက်နေ ပြည်သူများ၏ ကျေးလက်လမ်းတံတား လိုအပ်ချက်များ တင်ပြလာမှုကို အမြန်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ မဟာဗျူဟာ ရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် ရာသီမရွေးဆက်သွယ်သွားလာနိုင်သော လမ်းများ ဖြစ်ပေါ် အသုံးပြုနိုင်ရေးအတွက် အလေးထား စီမံဆောင်ရွက်သွားရန်နှင့် ကျေးလက်လမ်းနှင့် တံတားများ စီမံဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေး၊ ဈေးကွက်နှင့် အခြားဝန်ဆောင်မှုများအပြင် နိုင်ငံအဝန်း ဖွံ့ဖြိုးရေးဆိုင်ရာ ကန့်သတ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တီထွင်ကြံဆ ကြိုးပမ်း လုပ်ဆောင်ကြရန်နှင့် တွေ့ကြုံရသည့် အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ တင်ပြပြီး ပူးပေါင်းညှိနှိုင်းဖြေရှင်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးမှူးများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါစည်းကမ်းများ၊ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများ၊ သတ်မှတ်စံချိန်စံညွှန်းများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ မူဝါဒဖြစ်သည့် ကျေးလက်လမ်းနှင့် တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဝန်ထမ်းအားလုံးက အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်း လိုအပ်ချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ မုန်တိုင်းသင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်း

**နေပြည်တော် ဇွန် ၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်များမှ အထူးဆေးအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေး အဖွဲ့များနှင့် ကျန်းမာရေး ဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့် ဒေသများမှ ဒေသခံပြည်သူများအား မြို့နယ်အလိုက် သတ်မှတ်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်များမှ သမားတော်များ၊ အထူးကုများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော အထူးဆေးကုသရေးအဖွဲ့က စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာ၌ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများရှိမုန်တိုင်းသင့်ဒေသခံပြည်သူများအား သွေးတိုးရောဂါ၊ ဝမ်းပျက်/ဝမ်းလျှောရောဂါ၊ အရိုး/အကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လူနာတစ်ဦးချင်းစီ၏ ကျန်းမာရေး အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ် MLCA၊ MLCP အများပိုင်ကုမ္ပဏီလီမိတက်၊ မြန်မာ– အိန္ဒိယ – တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA) နှင့် ဘာသာစုံ မိတ်ဆွေများမှ ရက် ၃၀ စတုဒိသာ အလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသော သီးစုံဒံပေါက် ထမင်းဘူးများအား ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

သတင်းစဉ်

# ဒို့တောင်သူတွေ ဝင်ငွေတိုးဖို့ နေကြာမျိုးစေ့ ထုတ်လုပ်စို့

မောင်အောင်

"ကိုအောင်ရေ ငှါ့ညီ ပျောက်ချက်သား ကောင်းလှပါကလား။ "သင်္ကြန်အပြီး မေလဆန်းပိုင်းတုန်းကတော့ ငှါ့ညီကို မကွေး၊ ပွင့်ဖြူမှာတွေ့လိုက်၊ မိတ္ထီလာမှာ တွေ့လိုက်၊ မြိတ်မှာတွေ့လိုက်၊ ကျွန်းစုမှာတွေ့လိုက်၊ ပန်းတနော်မှာတွေ့လိုက်၊ ညောင်တုန်းမှာတွေ့လိုက်နဲ့ တစ်နေ့တစ်မျိုး မရိုးရအောင်တွေ့နေရတော့ တိုင်းပြည်အတွက် တယ်ပြီး အလုပ်လုပ်ပါလားဆိုပြီး ငါတို့တစ်တွေ အံ့သြနေကြတာ။ တီဗွီကပြောသလို ပြောရရင်တော့ အလွန့်အလွန် အလွန့်အလွန် အားကောင်းသော မိုခါမုန်တိုင်းလည်း ဝင်သွားပြီးရော ငှါ့ညီသတင်းက ပျောက်နေတယ်။ မိုခါနဲ့အတူ ပါသွားပြီလားလို့ စိုးရိမ်လို့ မင်းဆီဖုန်းဆက်လိုက်တာ။"

ကျွန်တော်အပြင်က ပြန်ရောက်လာပြီး အဝတ်လဲနေစဉ် ဖုန်းကမြည်လာသည်။ ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် စတင်တာဝန်ထမ်းဆောင်ကတည်းက ကျွန်တော်၏ လှုပ်ရှားဆောင်ရွက်မှုများကို စောင့်ကြည့်ပြီး အားပေးနေသည့် ကျွန်တော်၏ အစ်ကိုကြီးထံမှ ဖုန်းဖြစ်ပါသည်။

"မိုခါနဲ့ ပါမသွားပါဘူး အစ်ကိုကြီးရယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနက ပုံမှန်အလုပ်များရတဲ့ကြားထဲက မိုခါကဝင်လာတော့ ရခိုင်ပြည်နယ်မှာရော မိုခါဝင်သွားတဲ့ လမ်းကြောင်းတစ်လျှောက်မှာ ရှိတဲ့ ကျွန်တော်တို့ဌာနက ရုံးတွေပျက်စီးကြတယ်။ ဒီတော့မနေ့တုန်းက အဲဒီရုံးတွေပြန်ပြီးပြင်ဖို့ ငွေလိုတယ်။ အဲဒီငွေရရှိရေး ကျွန်တော်တို့ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ်တွေနဲ့ ဘတ်ဂျက်အစည်းအဝေးလုပ်တယ်။ ပြန်ပြီးစိစစ်နေတာ။"

"အဲဒါများကွာ၊ မင်းတို့ဝန်ကြီးဌာနက ကိုယ့်ဘတ်ဂျက်ထဲက ငွေရှာစရာမလိုပါဘူး။ ဌာနဆိုင်ရာ အဆောက်အအုံပြင်ဆင်တဲ့ကိစ္စ နိုင်ငံတော်ဘတ်ဂျက်က ခံမှာပေါ့ကွာ။"

"ဒီလိုတော့တွေးလို့မရဘူးလေ အစ်ကိုကြီးရဲ့။ နိုင်ငံတော်မှာ မိုခါမုန်တိုင်းကြောင့် ပျက်စီးတာတွေက အများကြီး။ ဒီကြားထဲမှာ ဘုန်းကြီးကျောင်းတို့၊ သာသနိက အဆောက်အအုံတို့ဆိုတာ ဘယ်ဘတ်ဂျက်မှရှိတာမဟုတ်ဘဲ။ ဒါ့အပြင် ပျက်စီးလို့ ပြုပြင်ရမှာက ပြည်သူတွေရဲ့ အိုး၊ အိမ်၊ အဆောက်အအုံတွေက အများကြီး။ ပြီးတော့ ဆည်တွေ၊ တာတမံတွေ၊ အများနဲ့ဆိုင်တဲ့ အဆောက်အအုံတွေ ပြင်ဆင်ဖို့က ကျန်သေးတယ်။ အရေးကြီးဆုံးက စားနပ်ရိက္ခာဖူလုံဖို့၊ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကြဖို့ပဲ။ ဒီရက်မှာ မိုးဦးကျလာပြီ၊ စိုက်ပျိုးရာသီရောက်လာပြီ။ ဒီတော့ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ဖို့လိုတယ်။ အဲဒီတော့ နိုင်ငံတော်က ကျခံတဲ့ဘဏ္ဍာငွေကကျခံ၊ ကိုယ့်ဝန်ကြီးဌာနက လာမယ့်နှစ်အတွင်းမှာ သုံးမယ့်ငွေတွေထဲက မသုံးမဖြစ်တာ စိစစ်ပြီးချန်။ စိစစ်လို့ရတဲ့ငွေထဲက ကျန်တာကို မိုခါမုန်တိုင်းကြောင့် ပျက်စီးတာတွေအတွက် သုံးဖို့ပါပဲ။"

"အေး ထားပါတော့ကွာ။ မင်းဟာနဲ့မင်း ပြောတာတော့ ဟုတ်နေတာပေါ့။ ဒါနဲ့ ဒီနေ့ရော ဘာတွေလုပ်နေသလဲ"



"ဒီနေ့တော့ အစ်ကိုကြီးရေ နေပြည်တော် ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ ရှစ်မြို့နယ်က တောင်သူတွေကို မျိုးနေကြာထုတ်လုပ်နည်း လက်တွေ့သရုပ်ပြတာပဲ"

**စားသုံးဆီဖူလုံဖို့ ဦးစားပေး**

"မင်းဟာက တစ်နေ့တစ်မျိုး မရိုးရပါလားကွာ။ အရင်အခေါက်တွေတုန်းက ဆီထွက်နေကြာကို စားသုံးဆီဖူလုံဖို့ ဦးစားပေးပြီးလုပ်ကြတယ်။ အခုကျတော့ မျိုးနေကြာဖြစ်သွားပြန်ပြီ။ မင်းတို့ အမျိုးမျိုးလျှောက်လုပ်လို့ ဒို့တောင်သူတွေမျက်စိလည်ကြတော့မှာပဲ။ ကဲ ဒါနဲ့မျိုးနေကြာကို ဘာ့ကြောင့်ထုတ်သလဲ ပြောစမ်းပါဦး။"

ကျွန်တော့်အစ်ကိုကြီးက တောင်သူစစ်စစ်ဖြစ်သည်။ အသက် ၈၀ ကျော်ပြီ။ ဆယ်တန်းအထိ ကျောင်းနေဖူးသည်။ ဆယ်တန်းတစ်နှစ်ကျတော့ ကျောင်းဆက်မတက်တော့ဘဲ မိဘလက်ငုတ်လက်ရင်း ရွာပြန်ပြီး လယ်လုပ်နေသူဖြစ်သည်။ ကျွန်တော့်ထက်ပင် အသက် ၁၀ နှစ်ကျော်ကျော်ကြီးသည်။ ဆယ်တန်းထိကျောင်းနေဖူးသူဖြစ်၍ လယ်ကိုသမားရိုးကျမလုပ်။ ရွာတွင်ကိုယ်ပိုင်ထွန်စက်သူ ပထမဆုံးဝယ်ပြီးသုံးသည်။ ကိုယ်တိုင်ထွန်စက်မောင်းသည်။ လယ်ကွင်းထဲမှာ ကိုယ်တိုင်ဖိဖိစီးစီး လုပ်သူဖြစ်၍ ယခုသတ်မှတ်ထားသည့် စပါးပန်းတိုင် အထွက်နှုန်းကို လွန်ခဲ့သည့် နှစ် ၃၀ လောက်ကတည်းက အစ်ကိုကြီးလယ်က ရခဲ့သည်။ သည့်အတွက်လည်း စေ့စပ်သေချာသည့် အစ်ကိုကြီး၏ မေးခွန်းကို သာမန်ဖြေ၍မရပါ။

**“နေကြာက သေချာစိုက်ရင် တစ်ဧကကို (၂၅-၃၀) တင်း ထွက်ရှိနိုင်တယ်။ သာမန် ဆီထွက်နေကြာပဲဆိုရင်တော့ ၂၅ တင်းထွက်တယ်ဆိုရင် တစ်တင်းကို ငွေကျပ် ၃၂၀၀၀ ဈေးရှိတာကြောင့် ငွေကျပ် ၈၀၀၀၀၀ လောက်ရပါမယ်။ အဲဒီအခင်းကိုပဲ မျိုးစေ့မျိုးသန့်ထုတ်မယ်ဆိုရင် မျိုးစေ့က တစ်တင်းရပြီး ငွေကျပ် ၄၈၀၀၀ ရမယ်။ ဆီထွက်နေကြာစေ့ ၂၄ တင်းက ငွေကျပ် ၃၂၀၀၀ ဈေးနဲ့ဆိုရင် ကျပ် ၇၆၈၀၀၀ ရပြီး မျိုးတစ်တင်းက ငွေကျပ် ၄၈၀၀၀ ရမှာကြောင့် စုစုပေါင်း ငွေကျပ် ၈၁၆၀၀၀ ရပါမယ်”**

**စားသုံးဆီဖူလုံဖို့ နေကြာဧက ၁၅ သိန်း စိုက်ဖို့ နိုင်ငံတော်က ရည်မှန်း**

"အစ်ကိုကြီး၊ ဆီများများထွက်ဖို့ နေကြာဧကများများစိုက်ရမယ်လေ။ နေကြာဧကများများ စိုက်ဖို့ မျိုးစေ့များများလိုတာပေါ့။ ပြီးခဲ့တဲ့နှစ်က တစ်ပြည်လုံးမှာ နေကြာဧက ခုနစ်သိန်းကျော်ပဲ စိုက်တယ်။ ဒါပေမယ့် စားသုံးဆီဖူလုံဖို့ကို နေကြာဧက ၁၅ သိန်း စိုက်ကြဖို့ နိုင်ငံတော်က ရည်မှန်းပြီး ကျွန်တော်တို့ ဝန်ကြီးဌာနကို တာဝန်ပေးတယ်။ ဒီနေကြာဧက ၁၅ သိန်းဆိုတာကလည်း အရင် ၂၀၁၃-၂၀၁၄ လောက်က စိုက်ခဲ့ပြီးသား။ အဲဒါကြောင့် ကျွန်တော်တို့လည်း တောင်သူတွေကိုစိုက်ဖို့ စည်းရုံးတယ်။"

"တကယ်တော့ တောင်သူတွေကလည်း နေကြာအကြောင်းသိပြီးသား။ နေကြာက စိုက်ရတာလွယ်တယ်၊ ကရိကထ မများဘူး။ မြေဆီကလည်း ကျန်တဲ့သီးနှံတွေလောက်မလိုဘူး။ ရေလည်း စပါးလောက်မလိုဘူး။ ဒါ့အပြင် အသက်ရက်ကလည်း ၇၅-၈၀ ကနေ ၈၅ ရက် အရေးကုန်ပဲ။ နောက်တစ်ခါ မျိုးလိုအပ်ချက်အနေနဲ့ကလည်း စိုက်ပျိုးရတဲ့မျိုးစေ့ပမာဏနဲ့ ထွက်ရှိတဲ့ မျိုးစေ့ပမာဏမြင့်မားတယ်။ ဒါ့အပြင် စိုက်ပျိုးစရိတ်သက်သာတယ်။ တစ်ဧကဆီထွက်နှုန်းကောင်းတဲ့အပြင် ပိုးမွှားရောဂါနဲ့ ရာသီဥတုဖောက်ပြန်တဲ့အခါမှာလည်း ပျက်စီးမှုနည်းတယ်။ အဲဒါကြောင့် ပြီးခဲ့တဲ့နှစ်က နေကြာစိုက်ဧက ၁၅ သိန်း လျာထားတော့၊ ကျွန်တော်တို့က စိုက်မှစိုက်ပါ့မလားလို့ စိုးရိမ်ခဲ့တယ်။ ဒါပေမယ့် ဧက ၁၂ သိန်းခွဲလောက် စိုက်ခဲ့ကြတယ်။ နေကြာဈေးလေးကလည်း ကောင်းတယ်။ ပြီးတော့ နေကြာဆီကိုလည်း လူတွေက စားလာကြပြီ။ အဲဒါကြောင့် ဒီနှစ်ဆောင်းမှာ ဝင်ငွေရမှန်းသိလို့ တောင်သူတွေက သေချာပေါက် တိုးပြီး စိုက်ကြမှာ။ အဲဒီတော့ မျိုးကောင်းမျိုးသန့်ပေးဖို့က ကျွန်တော်တို့ဝန်ကြီးဌာန တာဝန်လေ။ အဲဒါကြောင့် အခုမိုးနေကြာစိုက်တဲ့အခါမှာ သာမန်ဆီထွက်နေကြာစိုက်ဖို့ထက် မျိုးနေကြာအဖြစ် ထုတ်လုပ်ကြဖို့ ကျွန်တော်တို့ ရည်မှန်းဆောင်ရွက်ခဲ့တာ။ ဒါ့ကြောင့် ကျွန်တော်တို့ နေပြည်တော် ရှစ်မြို့နယ်က တောင်သူတွေကိုဖိတ်ပြီး မျိုးနေကြာ ဘယ်လိုထုတ်ရမယ်ဆိုတာ ဒီနေ့ကွင်းသရုပ်ပြပွဲ ပြုလုပ်တာ။"

ကျွန်တော်က ကျွန်တော်တို့ကွင်းသရုပ်ပြပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ထပ်မံရှင်းပြလိုက်ရ၍ ကျေနပ်အားရမိသွားသည်။

"အေး ဟုတ်ပါပြီ၊ ထားပါတော့ မျိုးနေကြာထုတ်တာက ရိုးရိုးဆီထွက်နေကြာထုတ်တာနဲ့ ဘာကွာလို့လဲ။ ဘာတွေလုပ်ရသလဲ၊ ပြောစမ်းပါဦး။"

အစ်ကိုကြီး အားတက်သရောမေးလာ၍ ကျွန်တော် ကျေနပ်အားရမိသည်။

**နေကြာမှာ သဘာဝမျိုးအုပ်စု နှစ်မျိုးရှိ**

"အစ်ကိုကြီးသိတဲ့အတိုင်း နေကြာသီးနှံက ပင်ခြားဝတ်မှုန်ကူးတဲ့ သီးနှံဖြစ်တာကြောင့် ပြင်ပအကူအညီနဲ့ ဝတ်မှုန်ကူးပေးမယ်ဆိုရင် ပိုပြီးသန္ဓေအောင်ပါတယ်။ အထူးသဖြင့် နေကြာစိုက်ခင်းမှာ ပျားပုံးတွေ ချပေးထားရင် နေကြာလည်း ဝတ်မှုန်ပိုကူးပြီး နေကြာအထွက်ကောင်းမှာဖြစ်သလို ပျားပုံးတွေကလည်း ပျားရည်ရမှာကြောင့် ဝင်ငွေနှစ်မျိုးရမှာဖြစ်ပါတယ်။ နေကြာမှာ သဘာဝ ဝတ်မှုန်ကူးမျိုးနဲ့ စပ်မျိုးနေကြာဆိုပြီး မျိုးအုပ်စု နှစ်မျိုးရှိပါတယ်။ စပ်မျိုးနေကြာတွေက အထွက်နှုန်းပိုကောင်းပြီး မြေကောင်းရေကောင်း အခြေအနေကောင်းမှသာ အထွက်နှုန်းကောင်းမှာဖြစ်ပြီး ခက်တာက မျိုးပြန်ပြီးခံလို့မရနိုင်ပါဘူး။ သဘာဝ ဝတ်မှုန်ကူးမျိုးကတော့ မိဘမျိုးတွေက ဝတ်မှုန်ကူးရာမှ ရရှိလာတဲ့မျိုးဖြစ်တဲ့အတွက် အကြမ်းခံပါတယ်။ ဒေသမရွေး စိုက်ပျိုးလို့ရတဲ့အပြင် တောင်သူတွေ မျိုးပြန်ပြီးခံလို့ရပါတယ်။ ကနေ့ ကျွန်တော်တို့ တောင်သူတွေကို လက်တွေ့သရုပ်ပြတဲ့ ဆင်းရွှေကြာ(၂)မျိုးဆိုရင် လေးနှစ်အထိ မျိုးခံလို့ရပါတယ်။

"အေး ကောင်းတယ်ကွာ။ အဲဒီ ဆင်းရွှေကြာ (၂) မျိုးက မင်းတို့ဘယ်နိုင်ငံက ဝယ်တာလဲ။ သူ့ရဲ့ ကောင်းခြင်း လက္ခဏာတွေကရော ဘာတွေလဲ။"

ကျွန်တော်ပင် စကားမဆုံး။ အစ်ကိုကြီးက ဖြတ်၍ မေးလိုက်ခြင်းဖြစ်ပါသည်။

"ဘယ်နိုင်ငံကမှ ဝယ်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ရေဆင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ထုတ်လုပ်တာပါ။ ဆင်းရွှေကြာ(၂) နေကြာက အသက်ရက် (၈၀-၈၅) ရက်ရှိပြီး အပင်အမြင့် လေးပေကနေ လေးပေခွဲအထိရှိတယ်။ အပွင့်အချင်းက (၅-၈) လက်မရှိပြီး အပွင့်တစ်ပွင့်မှာ အောင်မြင်တဲ့အစေ့ (၅၀၀-၈၀၀) အထိပါတယ်။ အစေ့ ၁၀၀၀ က အလေးချိန် (၄၀-၄၅) ဂရမ်ရှိပြီး ဆီထွက်ရာခိုင်နှုန်း (၄၅-၄၈) ရှိတယ်။ အထွက်ကောင်းမျိုးဖြစ်ပြီး တစ်ဧကကို (၂၅-၃၀) တင်း ထွက်ရှိတယ်။"

"မင်းဟာက ဟုတ်ရောဟုတ်ရဲ့လား၊ တယ်ပြီး တိကျပါလား။"

အစ်ကိုကြီးက ဖြတ်၍မေးလိုက်ခြင်းဖြစ်သည်။

"အစ်ကိုကြီးရယ် ဘယ်မတိကျလို့ ရပ့်မလဲ။ နိုင်ငံတော်ရဲ့တစ်ခုတည်းသော စိုက်ပျိုးရေးသုတေသနဦးစီးဌာနလေ။ ဒါပေမယ့် ဘယ်အပင်မျိုးမဆို စိုက်ချိန်မှန်ဖို့လိုတယ်။ မြေကိုစနစ်တကျပြုပြင်ပြီး သတ်မှတ်တဲ့သွင်းအားစုထည့်ဖို့လိုတယ်။ ဆင်းရွှေကြာ(၂) ကို မိုးရာသီမှာ မေလနဲ့ ဇွန်လမှာ စိုက်ရပြီး မိုးနှောင်းအနေနဲ့က စက်တင်ဘာလနဲ့ အောက်တိုဘာလမှာ စိုက်ရမယ်။ အစ်ကိုကြီးသိတဲ့အတိုင်း မြေပြုပြင်ရင်တော့ ထယ်ရေးနက်နက်ထိုးပြီး ထယ်ရေးညက်ဖို့လိုတယ်။

*စာမျက်နှာ ၁၁ သို့*

## အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၈ / ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက် )

**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာဌာနီလမ်းနှင့် ပန်းခင်းလမ်းထောင့် (ဘဲကုန်းမီးပွိုင့်အနီး)၊ စကြာဒီပခြံတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]**၏ မှတ်ပုံတင်အမှတ်မှာ ( ၂၃ ) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၉ / ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက် )

**အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပညာလမ်း၊ အမှတ် (၁၀၁၀/ခ) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၂၄) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၀ / ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက် )

**ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ရွာမမြောက်ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ် (၇၃၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၂၅) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ ရန်ကုန်တိုင်းဒေသကြီး ဒုတိယအောင်ချက်မြင့်မားသော တိုင်းဒေသကြီးတစ်ခုအဖြစ် ရလဒ်ရရှိ

**ရန်ကုန် ဇွန် ၉**

၂၀၂၃ ခုနှစ် မတ်လ ၈ ရက်မှ ၁၈ ရက်နေ့အထိ တက္ကသိုလ်ဝင်စာမေးပွဲကို ကျင်းပခဲ့ရာ ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာစစ်ဌာနကျောင်းများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒုတိယအောင်ချက်မြင့်မားသော တိုင်းဒေသကြီးတစ်ခုအဖြစ် ရလဒ်ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဖြေဆိုသူ ၂၃၈၀၇ ဦးရှိခဲ့ပြီး အောင်မြင်သူ ၁၅၂၈၅ ဦးရှိ၍ ၆၄ ဒသမ ၂၀ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

"Grade -11 စနစ်ဟောင်းဒသမတန်း တက္ကသိုလ်ဝင် နောက်ဆုံးစာမေးပွဲကို ကျောင်းသား ကျောင်းသူ ၂၃၈၀၇ ဦး ဝင်ရောက်ဖြေဆိုတဲ့အခါမှာ ၁၅၂၈၅ ဦး အောင်မြင်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် ၆၄ ဒသမ ၂၀ ရာခိုင်နှုန်းရရှိတဲ့အပေါ်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ကလေးတွေလည်း ဆက်လက်ပြီး အဆင့်မြင့်ပညာများကိုသင်ယူပြီး နိုင်ငံ့အကျိုးကို ထမ်းဆောင်နိုင်ပါစေလို့လည်း ဆန္ဒပြုပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က ပြောကြားသည်။

**ညိမ်းသူ (သတင်းစဉ်)**

*စာမျက်နှာ ၁၀ မှ*

မြေပြုပြင်တဲ့အချိန်မှာ တစ်ဧကကို ယူရီးယား ၅၀ ကီလိုဂရမ်တစ်အိတ်၊ တီစူပါအိတ်ဝက်နဲ့ ပိုတက်ရှ် အိတ်ဝက် ထည့်ဖို့လိုမယ်။ နွားချေး ဒါမှမဟုတ် သဘာဝမြေဩဇာရရင်လည်း လှည်း (၅-၁၀) စီး တိုက် ထည့်ပေးဖို့လိုတယ်။ အဖူးဝင်ချိန်မှာလည်း ယူရီးယားအိတ်ဝက်လောက် ထပ်ပြီးထည့်ပေးဖို့ လိုတယ်။ အရေးကြီးတာက တန်းကြားနှစ်ပေ၊ ပင်ကြား ကိုးလက်မခြားပြီး တစ်ကျင်းမှာ နှစ်စေ့နှုန်း စိုက်ရင် တစ်ဧကမှာ အပင် ၂၉၀၀၀ ဝင်မယ်။"

"အရေးကြီးတာက **သေချာချင်ရင် နေကြာစိုက်** ဆိုတဲ့ ဆိုရိုးစကားကို အားကိုးပြီး ကျွန်တော်တို့ တောင်သူတွေက နေကြာတော့စိုက်ပါရဲ့။ ပစ်မထားဖို့အရေးကြီးတယ်။ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ အပင်ပဲဖြစ်ဖြစ် ငယ်စဉ်မှာ အထူးဂရုစိုက်ဖို့လိုတယ်။ အပင်ငယ်စဉ်မှာ ပေါင်းမြက်ရှင်းဖို့လိုသလို အပင်သက်တမ်း ၁၅ ရက် အတွင်းမှာ သားခွဲဖို့လိုတယ်။ တစ်ကျင်းမှာ တစ်ပင်ပဲချန်ပြီး ကျန်တဲ့အပင်နုတ်ပစ်၊ သားခွဲရမယ်။ ပိုးနဲ့ ရောဂါပိုးကျရောက်မှုရှိ မရှိ စစ်ဆေးပြီး ကျရောက်တာတွေ့ရင် ချက်ချင်းဆေးဖျန်းဖို့လိုတယ်။ အဖူးဝင်ချိန်မှာ အပင်ယိုင်လဲမှုမဖြစ်အောင် ပေါင်လုံးဖို့လိုပြီး လိုအပ်ရင် အဖူးဝင်ချိန်နဲ့ ပန်းပွင့်ချိန်မှာ ရေတစ်ကြိမ်စီသွင်းပေးရင် အကောင်းဆုံးပဲ။"

"မင်းဟာက ဒီလောက်ပြုစုမှတော့ အထွက်မကောင်းရှိပ့်မလားကွ။ ကဲ ထားပါတော့။ မင်းပြောတဲ့ နေကြာမျိုးသန့်မျိုးစေ့ရအောင် ဘယ်လိုလုပ်ရမလဲ ပြောစမ်းပါဦး။ မင်းတို့ ဒီနေ့တောင်သူတွေကို ဘယ်လိုသရုပ်ပြသလဲဆိုတာ။"

ကျွန်တော့် အစ်ကိုကြီးက လိုရင်းကို မေးလာခြင်းဖြစ်သည်။

"ကျွန်တော်တို့ စိုက်ထားတဲ့ ဆင်းရွှေကြာ(၂) နေကြာခင်း၊ ပန်းပွင့်တဲ့အချိန်မှာ ပင်စည်တုတ်ခိုင်ပြီး အရွက်အရေအတွက်များတဲ့၊ အပင်အမြင့်ညီတဲ့၊ ရောဂါပိုးမွှားကင်းတဲ့ အပင် ၁၀၀၀ ကို ရွေးမယ်။ ပြီးတော့ အဲဒီအပင်က နေကြာပွင့်ကို အိတ်စွပ်ထားလိုက်မယ်။ ပြီးတော့မှ ရွေးထားတဲ့ အပင်တွေရဲ့ နေကြာပွင့်ကနေ ဝတ်မှုန်ယူမယ်။ ဝတ်မှုန်ကို လက်ကလေးနဲ့ခြစ်ချပြီး ပလတ်စတစ်ခွက်ထဲ ထည့်ပြီးစုမယ်။ ပြီးတော့ အဲဒီအပင် ၁၀၀၀ က ယူထားတဲ့ ဝတ်မှုန်တွေကို စုပေါင်းပြီး မွှေပေးမယ်။ ပြီးတော့မှ အဲဒီဝတ်မှုန်တွေကို စောစောက ဝတ်မှုန်ယူထားတဲ့ အိတ်စွပ်ထားတဲ့ နေကြာပွင့်တွေကို စုပ်တံလေးနဲ့ ဒါမှမဟုတ် တို့ဖတ်ပဝါလေးနဲ့ ဝတ်မှုန်ပြန်ပြီးကူးပေးမယ်။ ဆိုလိုတာကတော့ နေကြာက ပင်ခြားဝတ်မှုန်ကူးတာဖြစ်တဲ့အတွက် လူနဲ့ကူးပေးလိုက်တာပဲ။ ပျားနဲ့ကူးရင်တော့ ရွေးချယ်ထားတဲ့ အပင်ရော၊ မရွေးချယ်ထားတဲ့အပင်ရော ရောကုန်နိုင်တာကြောင့် လူနဲ့ ပင်ခြားဝတ်မှုန်ကူးပေးတာကတော့ အကောင်းဆုံးပါပဲ။"

"အေး ကောင်းပါပြီ။ အဲဒီ ဝတ်မှုန်ကူးပေးတာကို ဘယ်အချိန်မှာ လုပ်ပေးနိုင်ရင် အကောင်းဆုံးလဲ။"

အစ်ကိုကြီးက သူသိချင်တာကို ဖြတ်၍ မေးလိုက်သည်။

"ဝတ်မှုန်ကူးတာကို မနက် ၈ နာရီကနေ ၁၀ နာရီအတွင်း နေ့စဉ်ဆောင်ရွက်ပေးတာ အကောင်းဆုံးပါ။ ရိတ်သိမ်းချိန်မှာ ရွေးချယ်ထားတဲ့ အပင်တွေက နေကြာပွင့်တွေကို တစ်ပင်ချင်းစီ သီးသန့်သိမ်းထားရပါမယ်။ အဲဒီနောက် ရိတ်သိမ်းပြီး အပင်တွေရဲ့ မျိုးစေ့တွေကို စိစစ်ရွေးချယ်ပြီး သီးသန့်စုပေါင်းသိမ်းထားဖို့လိုပါမယ်။ ဒီမျိုးစေ့တွေက အမြဲတေမျိုးစေ့တွေ ဖြစ်ပါတယ်။"

"အေး ဟုတ်ပါပြီ။ မင်းတစ်ဧကမှာ အပင် ၇၀၀ ကနေ ၁၀၀၀ အထိလောက် အိတ်စွပ်ပြီး မျိုးခံလိုက်တော့ မျိုးစေ့ဘယ်လောက်ရနိုင်သလဲ။ ပြီးတော့ ဘယ်နှဧကလောက်စိုက်နိုင်မလဲ။"

အစ်ကိုကြီး၏ မေးခွန်းများက လက်တွေ့ကျလှသည်။ မနေ့က ကျွန်တော်တို့ ကိုယ်တိုင်လုပ်ထား၍သာ ဖြေနိုင်ခြင်းဖြစ်သည်။

"အခုလို မျိုးနေကြာ တစ်ဧကစိုက်ကွင်းမှာ မျိုးအတွက် အပင် ၇၀၀ ကနေ ၁၀၀၀ အထိ စိုက်ခင်းက မျိုးယူမယ်ဆိုရင် အမြဲတေမျိုးစေ့ ၁၆ ပြည် (တစ်တင်း) လောက် ရရှိမှာဖြစ်ပြီး တစ်ဧကကို လေးပြည်နှုန်းနဲ့ စိုက်ရမှာကြောင့် လေးဧကပြန်ပြီး စိုက်နိုင်မှာဖြစ်ပါတယ်။"

"အေး ကောင်းပါပြီ။ တစ်ဧကနေကြာအခင်းမှာ ကျန်တဲ့နေကြာစေ့တွေကရော ဘာဆက်လုပ်ကြမလဲ။"

"အဲဒါကတော့ အစ်ကိုကြီးရယ် ဆီကြိတ်ရုံပေါ့။ အဲဒီ ကျန်တဲ့နေကြာပွင့်တွေကလည်း ဘာပဲပြောပြော ဆီထွက်ကောင်းတဲ့ နေကြာစေ့တွေပါပဲ။ အပင် ၁၀၀၀ ကသာ မျိုးအတွက် ကျွန်တော်တို့ ခေါင်းခေါက်ပြီး ရွေးထားတာပါ။"

အစ်ကိုကြီး၏အမေးကို ကျွန်တော်ပြန်၍ ဖြေလိုက်သည်။

"အဲဒီတော့ မင်းတို့ပြောသလို ဆင်းရွှေကြာ(၂) မျိုးနေကြာကို သဘာဝဝတ်မှုန်ကူးမျိုးနဲ့ မျိုးသန့်ထိန်းသိမ်းရင် ငါတို့ဝင်ငွေဘယ်လောက်ရမလဲ။"

"နေကြာက သေချာစိုက်ရင် တစ်ဧကကို (၂၅-၃၀) တင်း ထွက်ရှိနိုင်တယ်။ သာမန်ဆီထွက်နေကြာပဲဆိုရင်တော့ ၂၅ တင်းထွက်တယ်ဆိုရင် တစ်တင်းကို ငွေကျပ် ၃၂၀၀၀ ဈေးရှိတာကြောင့် ငွေကျပ် ၈၀၀၀၀၀ လောက်ရပါမယ်။ အဲဒီအခင်းကိုပဲ မျိုးစေ့မျိုးသန့်ထုတ်မယ်ဆိုရင် မျိုးစေ့က တစ်တင်းရပြီး ငွေကျပ် ၄၈၀၀၀ ရမယ်။ ဆီထွက်နေကြာစေ့ ၂၄ တင်းက ငွေကျပ် ၃၂၀၀၀ ဈေးနဲ့ဆိုရင် ကျပ် ၇၆၈၀၀၀ ရပြီး မျိုးတစ်တင်းက ငွေကျပ် ၄၈၀၀၀ ရမှာကြောင့် စုစုပေါင်း ငွေကျပ် ၈၁၆၀၀၀ ရပါမယ်။"

"မင်းဟာက သိပ်မှမမြတ်ဘဲကွ။ အဲဒီလိုဆို အဓိကအကျိုးကျေးဇူးက ဘာလဲ။"

"အဓိကအကျိုးကျေးဇူးကတော့ စိုက်ချိန်ရောက်မှ မျိုးလိုက်ရှာစရာမလိုဘူး။ ကိုယ့်မျိုးကိုယ်သိမ်းထားတာကြောင့် မျိုးသန့်တဲ့အပြင် အထွက်နှုန်းလည်းကောင်းမယ်။ ဒါ့အပြင် လေးနှစ်ဆက်တိုက် မျိုးခံလို့ရတာကြောင့် မျိုးကောင်းမျိုးသန့်ရဖို့ နှစ်စဉ်စိတ်မပူရတော့ဘဲ စိုက်သွားရမယ့် အကျိုးကျေးဇူးပါပဲ။"

"အေးကွာ။ **ဒို့တောင်သူတွေ ဝင်ငွေတိုးဖို့ နေကြာမျိုးစေ့ထုတ်လုပ်စို့** လို့ပဲ ပြောချင်သကွာ။" အစ်ကိုကြီးက ပြောလည်းပြော၊ ဖုန်းလည်းချသွားပါတော့သည်။ ။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ်ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ မင်းပြင်ဝန်ထမ်းအိမ်ရာရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များအား ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ မုန်းတိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဌာနဆိုင်ရာရုံးများ ပြင်ဆင်ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် သန်ပန်ချောင်းရပ်ကွက်ရှိ မြို့ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေထွက်ပေါက်ပြန်လည်ပြုပြင်မည့်နေရာအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။**(အောက်ပုံ)**

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်စုတို့မှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ရန် ကျေးရွာကိုယ်စားလှယ်များအား စားသုံးသူရေးရာ ဂိုဒေါင်မှ ထောက်ပံ့ပစ္စည်းများ ထုတ်ပေးနေမှုကို





သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)** ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရပ်ကွက်များ၊ ဈေးများနှင့် အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ကြရန် မှာကြားသည်။ ၎င်းနောက် အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းခြောက်ကျောင်းအတွက် ပြန်လည်ပြုပြင်ရန်လိုအပ်သော အမိုးသွပ်များ၊ ဆွမ်းဆန်တော်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မုန်တိုင်းဒဏ်သင့်ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းသော နဝကမ္မအလှူတော်ငွေများအား ကျောင်းထိုင်ဆရာ တော်များထံ သွားရောက်ဆက်ကပ် လှူဒါန်းသည်။

ထို့အတူ ရခိုင်ပြည်နယ် မြေပုံမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ သဘာဝဘေးပြန်လည်ထူထောင်ရေး ကော်မတီနှင့် အလှူရှင်များထောက်ပံ့သည့် ကုလားတန် (၅) သင်္ဘောဖြင့် ထပ်မံရောက်ရှိလာသည့် ထောက်ပံ့ပစ္စည်း ခြောက်မျိုးအား လေဘေးသင့်ပြည်သူများထံသို့ မြန်မြန်ဆန်ဆန် ဖြန့်ဝေပေးနိုင်ရေး အစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဧည့်ရိပ်သာ၌ပြုလုပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ရောက်ရှိနေသော ဗိုလ်ချုပ် သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၈ ရက်တွင် မြောက်ဦးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းသို့ သွားရောက်၍ သွပ်သံနှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဦးဆောင်၍ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး ဆိုင်ရာ လုပ်ငန်းစီမံကိန်းရေးဆွဲရေး အစည်းအဝေးကျင်းပပြုလုပ်

**နေပြည်တော် ဇွန် ၉**

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဦးဆောင်၍ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ သုံးနှစ်တာလုပ်ငန်းစီမံချက်အရ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းရေးဆွဲရေးအစည်းအဝေး (Planning Conference of ADMM–Plus Experts’ Working Group on Counter–Terrorism) ကို ၂၀၂၃ ခုနှစ် ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခါဘာရော့ဗ်မြို့၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာ၊ ရုရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ ထိုင်း၊ လာအို၊ အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များက တက်ရောက်ခဲ့ကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဘရူနိုင်း၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်နိုင်ငံများအကြား အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ဒေသတွင်းအကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည်မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဖြစ်ရပ်မှန်များအား အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်း စီမံကိန်းရေးဆွဲရေး အစည်းအဝေးသို့ တက်ရောက်သူများ လေ့လာသိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး အခြေအနေနှင့် NUG၊ PDF အမည်ခံအကြမ်းဖက်သမားများက စစ်ဘက်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များနှင့် အထောက်အထားများ၊ NUG အဖွဲ့အား



အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ရသည့် အကြောင်းအရင်းများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အကြမ်းဖက်မှုတန်ပြန် တိုက်ဖျက်ရေး လုပ်ငန်းစဉ်များအား အင်္ဂလိပ်၊ ရုရှား၊ တရုတ်ဘာသာတို့ဖြင့် ထုတ်ဝေထားသည့် စာစောင်၊ ၎င်း စာစောင်ပါ အကြောင်းအရာများ ပါဝင်သည့် Memory Stick တို့ကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရသေ့တောင်မြို့နယ်၌ ရေသန့်စင်ကားများဖြင့် ရေသန့် ဂါလန် ၁၅၀၀၀ နီးပါး ဖြန့်ဝေပေး

**ရသေ့တောင် ဇွန် ၉**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲဖြစ်နေသော မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများနှင့် အချို့သောနေရာများသို့ သောက်သုံးရေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေသန့်စင်ကားများဖြင့် လိုက်လံဖြန့်ဝေပေးလျက်ရှိရာ ဇွန် ၈ ရက်တွင် ရေဂါလန် ၁၄၆၅၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်မောင်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ နည်းပညာ)နှင့် တာဝန်ရှိသူများက ရသေ့တောင်မြို့ပေါ် အရှေ့တောင်ရပ်ကွက်၊ တောင်ရင်းတန်းရပ်ကွက်၊ ကိန်းသာဘုန်းတော်ကြီးကျောင်း ယာယီနေရပ်စွန့်ခွာစခန်း၊ စေတီတောင်အနောက် ယာယီနေရပ်စွန့်ခွာစခန်းတို့ရှိ အိမ်ခြေ ၉၅၅ အိမ်၊ လူဦးရေ ၁၀၃၂၀ တို့အတွက် ရေဂါလန် ၁၄၆၅၀ ကို ရေသန့်စင်ကားများဖြင့် စနစ်တကျ လိုက်လံဖြန့်ဝေပေးကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ရန္တပိုကျေးရွာအနီးရှိ ဧရာဝတီမြစ် မြစ်ရေလမ်းကြောင်းအခြေအနေ ကြည့်ရှုစစ်ဆေး





နေပြည်တော် ဇွန် ၉

**မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရန္တပိုကျေးရွာအနီးရှိ ဧရာဝတီမြစ် မြစ်ရေလမ်းကြောင်းအခြေအနေကို ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင် ဦးကြည်သာ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်မတော်စစ်ရေယာဉ်ဖြင့် မြင်းခြံမြို့နယ် ရန္တပိုကျေးရွာအနီး မြစ်ကြောင်းအတွင်း အနည်ပို့ချနှုန်းနှင့် သောင်ထွန်းနေမှု၊ ရေကြောင်းသွားလာမှု၊ မြစ်ကမ်းပါး ဝဲ/ယာရှိ ဘူမိဗေဒအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ **(ယာပုံ)** ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်နှင့် တာဝန်ရှိသူများက ဧရာဝတီမြစ်ဝှမ်းဆိုင်ရာအချက်အလက်များ၊ ရန္တပိုကျေးရွာအနီးရှိ ဧရာဝတီမြစ်၏ ရေလမ်းကြောင်း၊ ရေမျက်နှာပြင် အနိမ့်အမြင့် ကွာခြားချက်၊ ရေအတိမ်အနက်နှင့် မြစ်ရေထုထည် စီးနှုန်းအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

### အသေးစိတ်စူးစမ်းလေ့လာမှု

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုနေရာသည် အကြိုစူးစမ်း လေ့လာမှုများ ဆောင်ရွက်ရန် သင့်လျော်သည့်နေရာဖြစ်သောကြောင့် ဧရာဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်အပေါ်သက်ရောက်နိုင်မှုများကို အသေးစိတ်စူးစမ်းလေ့လာမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ချင်းတွင်းမြစ်သည် အနည်ကျမှုနှုန်း ပိုမိုများပြားပါကြောင်း၊ ယခု ရန္တပိုနေရာသည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ၏ အထက်ဘက်တွင် တည်ရှိသဖြင့် ရေအရည်အသွေးကောင်းမွန်ပြီး အနည်ကျနှုန်း ပိုမိုနည်းပါးနိုင်သည့်အတွက် လုပ်ငန်းများ ဆောင်ရွက်ပါက မြစ်၏အောက်ပိုင်းနေရာများထက် ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

### လျှင်ဆိုင်ရာလေ့လာဆန်းစစ်မှု

ထို့ကြောင့် အကြိုစူးစမ်းလေ့လာတိုင်းတာမှုအနေဖြင့် မြေမျက်နှာသွင်ပြင်၊ ဇလဗေဒနှင့် ဘူမိဗေဒဆိုင်ရာ လေ့လာမှုများအပြင် စစ်ကိုင်းပြတ်ရွေ့ကြောနှင့် နီးကပ်စွာ တည်ရှိနေသဖြင့် မြေငလျင်ဆိုင်ရာ လေ့လာဆန်းစစ်မှုများကို စတင်၍ စူးစမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အကြိုဖြစ်မြောက်နိုင်စွမ်းလေ့လာမှုမှ ရရှိလာသော အချက်အလက်များအပေါ် အခြေခံပြီး ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအား ထပ်မံအသေးစိတ် ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် နိုင်ငံတကာ အတွေ့အကြုံရှိသည့် အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့အစည်းများနှင့် ဌာနမှ လူအင်အားအရင်းအမြစ်များ ပူးပေါင်းကာ စနစ်တကျ အသုံးချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၃)ကျင်းပ

**နေပြည်တော် ဇွန် ၉**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၃) ကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကြီးကြပ်မှုဗဟိုကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် ကော်မတီဝင်ကိုယ်စားလှယ်များက သက်ဆိုင်ရာနယ်မြေများမှ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

### လူဦးရေစာရင်းမှန်ကန်စေရေး စာရင်းကောက်ယူ

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက် အရေးကြီးဆုံးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အဓိကကျသည့် တိကျမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူဦးရေစာရင်းမှန်ကန်စေရေး မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကောက်ယူရရှိသည့် စာရင်းဇယား၊ အချက်အလက်များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းများစုစည်း၍ လဝက မြို့နယ်ရုံးများရှိ ရုံးလက်ခံများနှင့် တိုက်ဆိုင်စိစစ်ပြီး လက်ရှိအခြေအနေတွင် e-ID Server အတွင်း Online မှတစ်ဆင့်ထည့်သွင်းကာ အချက်အလက်ကွဲလွဲမှုများအပေါ် ပြင်ဆင်ဖြည့်စွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လုံခြုံရေးအခြေအနေကြောင့် ကောက်ယူရန်ကျန်ရှိသည့် မြို့နယ်အချို့ကိုလည်း ဆက်လက်ကွင်းဆင်းကောက်ယူဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် မေ ၃၁ ရက်အထိ စာရင်းကောက်ယူမှုအနေဖြင့် e-ID Software ဖြင့်ထုတ်ယူထားသည့် အိမ်ထောင်စုစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးကောက်ယူခဲ့သည့် အိမ်ထောင်စု ၁၁ ဒသမ ၉ သန်းကျော်၊ လက်ရှိဒေသ၌ အိမ်ထောင်စုစာရင်းမရှိသဖြင့် အလွတ်ပုံစံများဖြင့် ကောက်ယူခဲ့သည့် အိမ်ထောင်စု ၂ ဒသမ ၈ သန်းကျော် စုစုပေါင်းအိမ်ထောင်စု ၁၄ ဒသမ ၈ သန်းကျော် ကောက်ယူပြီးစီးပြီးဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၈၇ ဒသမ ၉၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း။

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရာတွင် တစ်ပါတည်းကောက်ယူခဲ့သည့် မသန်စွမ်း (၅) မျိုး လူဦးရေ နှစ်သိန်းကျော်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးရုံးများသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အိမ်ထောင်စုလူဦးရေစာရင်းတွင် အမတလက်မှတ်ကိုင်ဆောင်ထားသူများ၊ အသက် (၁၆) နှစ်နှင့် (၁၈) နှစ်ကြား၊ အသက်(၁၈) နှစ်အထက်ရှိသည့် မည်သည့်ကတ်ပြားမျှ ကိုင်ဆောင်ထားခြင်းမရှိသူများ၊ အမည်၊ မွေးသက္ကရာဇ်အစရှိသည့် အချက်အလက်ကွဲလွဲနေသူများအား စနစ်တကျ တိုက်ဆိုင်စိစစ်ပြီး ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

### စိစစ်အတည်ပြုထားကြရန် လိုအပ်

ယခင်အစည်းအဝေး ဆုံးဖြတ်ချက်အရ မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် စာရင်းများကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးများရှိ စာရင်းများနှင့် တိုက်ဆိုင်စိစစ်ပြီး e-ID Server အတွင်းရှိ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ်၊ ပြင်ဆင်ဖြည့်စွက်ပြီးဖြစ်သည့် လူဦးရေစာရင်းအား မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွဲ့စည်းထားသည့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များက စိစစ်အတည်ပြုထားကြရန် လိုအပ်ပါကြောင်း၊ ကော်မတီအဆင့်ဆင့် စိစစ်အတည်ပြုပြီးသည့်စာရင်းများကို ဗဟိုကော်မတီမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်လက်တင်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်ပေးပို့သွားမည် ဖြစ်ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပန်းခင်းစီမံချက်အဆင့်(၁)ကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် မေ ၃၁ ရက်အထိ ၉၆ ဒသမ ၇၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီး ပန်းခင်းစီမံချက်အဆင့်(၂)ကို ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် မေလ ၃၁ရက်အထိ ၄၉ ဒသမ ၁၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသည်ကို တွေ့ရှိရပါကြောင်း၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်အနေဖြင့် မပြီးပြတ်သေးသည့် လုပ်ငန်းများကို အမြန်ဆုံးပြီးပြတ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ယခုအစည်းအဝေးတွင် ကွင်းဆင်းကောက်ယူပြီးစီးသည့် စာရင်းများကို စိစစ်၍ e-ID Server အတွင်းသို့ ထည့်သွင်းပြီးစီးမှုနှင့် စာရင်းများ အတည်ပြုအပ်နှံနိုင်ရေးအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

### ညှိနှိုင်းပူးပေါင်းဆောင်ရွက်

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရန် ကျန်ရှိနေသည့်ဒေသများနှင့် ဆက်လက်ကွင်းဆင်းကောက်ယူသွားမည့် အစီအစဉ်များ၊ကောက်ယူပြီးစာရင်းများအား လဝကမြို့နယ်ဦးစီးမှူးရုံးများတွင် e-ID Software ဖြင့် အချက်အလက်များ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်နေမှုနှင့် ယာယီနေထိုင်သူများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်မည့် အခြေအနေ၊ ဗဟိုကော်မတီမှ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကြီးကြပ်မှုဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် ဌာနအလိုက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် တိကျမှန်ကန်သည့် လူဦးရေစာရင်းပြုစုနိုင်ရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ယခုလုပ်ငန်းစဉ်များအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မူပိုင်ခွင့်ဦးစီးဌာန၏ အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်) ဖွင့်လှစ်ခြင်းအခမ်းအနားကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်



နေပြည်တော် ဇွန် ၉

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန၏ အောက်မြန်မာပြည် ရုံးခွဲ(ရန်ကုန်) ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါရုံးခွဲ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် "စီးပွားရေး ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်လာစေရန်" မျှော်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း တရားဝင်လက်ခံခြင်းကို ၂၀၂၃ ခုနှစ် ဧပြီ ၂၆ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး လျှောက်ထားချက်များလက်ခံခြင်းကို အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်ဖြင့် လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့ရှိ လျှောက်လွှာလက်ခံမည့် ဌာနများမှတစ်ဆင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မူပိုင်ခွင့်ဥပဒေ (၄) ရပ်အနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ပြီးနောက် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် အာဏာသက်ဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တီထွင်မှု မူပိုင်ခွင့်ဥပဒေကိုလည်း ၂၀၂၄ ခုနှစ်တွင် အာဏာတည်နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ် အောင်မြင်စွာဖြစ်ထွန်းပေါ်ပေါက်ရေးကို အလေးထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အောက်မြန်မာပြည်ရုံးခွဲကို ဖွင့်လှစ်ပေးနိုင်ခြင်းဖြင့် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်ဒေသရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင် (MSME) များသည် မူပိုင်ခွင့်ပိုင်ရှင်များအနေဖြင့် အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို ကူညီဆောင်ရွက်နိုင်ရန်အတွက် Help Desk ကောင်တာများကိုလည်း ဖွင့်လှစ်ပေးထားပြီးဖြစ်သည့်အတွက် မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ လိုအပ်သည်များကို စုံစမ်းမေးမြန်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားကြောင်း။

နိုင်ငံတော်အနေဖြင့် မူပိုင်ခွင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းစနစ်ကို စနစ်တကျကျင့်သုံးခြင်းဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုကို ဖြစ်ထွန်းစေပြီး ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိပြီး နာမည်ထင်ရှားကျော်ကြားသည့် ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်ပေးနိုင်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်စနစ်ကြောင့် ဒေသတွင်းရှိပြည်သူများ၏ လူမှုစီးပွားဘဝကို ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည့် ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ယနေ့ခေတ်တွင် Digital စနစ်ဖြင့် ရောင်းဝယ်ဖောက်ကားမှုများ ခေတ်စားလာသည့်အတွက် ဆန်းသစ်တီထွင်မှုများကို အကာအကွယ်ပေးသည့် မူပိုင်ခွင့်ကဏ္ဍသည် ပိုမိုအရေးပါလာကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများတွင် မူပိုင်ခွင့်စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြကြောင်း၊ မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်နှင့် စီးပွားရေးလောကတွင် လိမ်လည်လှည့်ဖြားမှုကင်းပြီး မျှတညီညွတ်သော ဝန်းကျင်ကောင်းတစ်ခုကို ဖော်ဆောင်နိုင်မှုဖြစ်ပြီး ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ၏ ခိုင်မာသောရင်းနှီးမြှုပ်နှံမှုကို အာမခံချက်ပေးလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အောက်မြန်မာပြည် (ရန်ကုန်) ရုံးခွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# တစ်နှစ်တာအတွင်း အားကစားလှုပ်ရှားဆောင်ရွက်မှု အမြင့်မားဆုံးဆုများ ချီးမြှင့်

**နေပြည်တော် ဇွန် ၉**

၂၀၂၂ခုနှစ် တစ်နှစ်တာအတွင်း အားကစား လှုပ်ရှားဆောင်ရွက်မှု အမြင့်မားဆုံးဆုများနှင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ လူထုအားကစား လှုပ်ရှားမှု အထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ခတ်ပုံ) ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံက အားကစားအောင်မြင်မှု မြင့်မားရေးအတွက် နိုင်ငံတော်၏ နေ့ကြီးနေ့ရက်များဖြစ်သည့် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊ တပ်မတော်နေ့၊ အလုပ်သမားနေ့ စသည့်နေ့များတွင် လူထုအားကစား လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အားကစားဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် အရည်အချင်းပြည့်ဝသည့် အားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အခြေခံပညာ ကျောင်းများတွင်လည်း အားကစားလေ့ကျင့်ချိန် (P.T) ချိန်သတ်မှတ်ပြီး ကြိုက်နှစ်သက်ရာ အားကစားနည်းတစ်ခုခုကို လေ့လာလိုက်စားနိုင်ခြင်း၊ စာသင်ကျောင်းများတွင်လည်း အားကစားနည်းအလိုက် ပြိုင်ပွဲများကျင်းပပေးပြီး ကျောင်းလက်ရွေးစင်များ ရွေးချယ်ခြင်း၊ အခြေခံ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ တက္ကသိုလ်/ကောလိပ်များတွင် မေဂျာအလိုက် အားကစားပြိုင်ပွဲများ ကျင်းပပြီး လက်ရွေးစင်ရွေးချယ်ကာ ကျောင်းသားအားကစား ပွဲတော်များမှတစ်ဆင့် တက္ကသိုလ်/ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများအထိ ကျင်းပပေးခဲ့သည့်အတွက် မျိုးဆက်သစ်များ ပေါ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း။

အလားတူ ဒီဇင်ဘာ လူထုအားစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရေး၊ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ အားကစားအခြေခံသင်တန်းများကို အင်ပြည့်အားပြည့် ဖွင့်လှစ်နိုင်ရေး၊ Physical Fitness Dance စုပေါင်းလှုပ်ရှားမှုများ ယှဉ်ပြိုင်နိုင်ရေး၊ ဟောပြောပွဲများနှင့် သရုပ်ပြပွဲများ လက်ကမ်းစာစောင်များ ဖြန့်ဝေနိုင်ရေး၊ အားကစားသိပ္ပံကျောင်းများသို့ အရည်အချင်းမီသည့် သင်တန်းသား သင်တန်းသူများ ပေးပို့နိုင်ရေး၊ Youth Camp နှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များသို့ လူငယ်လက်ရွေးစင်များ ရွေးချယ်ပေးပို့နိုင်ရေး စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ဦးစီးဌာနမှ စောင့်ကြည့်မှတ်တမ်းတင်ထားရှိပြီး မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း အားကစားလှုပ်ရှားမှု အများဆုံး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ခရိုင်၊ မြို့နယ်များကိုလည်း လေးလတစ်ကြိမ် စိစစ်ဖော်ထုတ်ပြီး အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ပေးစေလိုကြောင်း၊ မြန်မာအားကစား တိုးတက်မြင့်မားစေရေးအတွက် လမ်းညွှန်ချက်များအတိုင်း တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များကိုစိစစ်ပြီး ယခုလို ဂုဏ်ပြုချီးမြှင့်ပေးခြင်း ဖြစ်ကြောင်း။




တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများ အောင်မြင်မှုရရှိစေရေး၊ ထူးချွန်ထက်မြက်သည့် လူငယ်မျိုးဆက်သစ်များ၊ အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး အတွက် အားစားလှုပ်ရှားဆောင်ရွက်မှုများကို တာဝန်သိစိတ်ဖြင့် ကြိုးပမ်း ဆောင်ရွက်သွားကြရန် ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက်ပါဝင်လာစေရန် လူအား၊ ကလောင်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အားကစား မီဒီယာများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာဆုများ ရွေးချယ်ခြင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်စေရေးအတွက် လူထုအားကစားကဏ္ဍ အရေးပါပုံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှု အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့က လည်းကောင်း၊ ဝတ္ထုတိုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို ရေဝတီ တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးမောင်မောင်သန်းနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို မန္တလေး တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးရွှေဇင်နှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်တို့ကလည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး ၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း အားကစား လှုပ်ရှားဆောင်ရွက်မှု အမြင့်မားဆုံးဆု (မြို့နယ်အဆင့်) အထူးဆုရရှိခဲ့ကြသည့် မြို့နယ်များကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက လည်းကောင်း၊ မြို့နယ်အဆင့် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသည့် မြို့နယ်များကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ အားကစားမီဒီယာများအဖွဲ့ချုပ်နှင့် ၂၀၂၂ ခုနှစ် မလေးရှားနိုင်ငံ မလက္ကာမြို့တွင် ကျင်းပခဲ့သည့် အလွတ်တန်း စကိတ် အမြန်စီးပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုစီ ရရှိခဲ့ကြသည့် အားကစားသမား နှစ်ဦးတို့အား ဂုဏ်ပြုဆုဖလား (Trophy) များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံ **(အပေါ်ဝဲပုံ)** က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ဆုရရှိကြသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတစ်ဝန်း ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

**မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်ပညာရေးမှူးရုံးများနှင့် အခြေခံပညာစာစစ်ဌာနကျောင်းများ၌ ယနေ့နံနက်ပိုင်းမှစတင်က ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ အမည်စာရင်းများကို တစ်ပြိုင်နက်တည်း ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ မြို့နယ်များအလိုက် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာမှုများအား စုစည်းဖော်ပြအပ်ပါသည်။**

## တာမွေ

ရန်ကုန်မြို့ တာမွေမြို့နယ်တွင် ၂၀၂၂-၂၀၂၃ တက္ကသိုလ်ဝင်စာမေးပွဲ၌ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၆၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ကျောင်းသား ၁၅၇ဦး၊ ကျောင်းသူ ၂၃၅ ဦး စုစုပေါင်း ၃၉၂ ဦး အောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၆၂ ရာခိုင်နှုန်းရှိကာ ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၉ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၇၈ဦး စုစုပေါင်းဂုဏ်ထူးရှင် ၁၅၆ ဦး ပေါ်ထွက်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## လှိုင်ကော်

ကယားပြည်နယ်အတွင်း မြို့နယ်များရှိ စာစစ်ဌာနလေးခုတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သူ ၉၂၁ ဦးရှိရာ ၆၃၇ ဦး အောင်မြင်ကြသဖြင့် အောင်ချက်ရာခိုင်နှုန်းမှာ ၆၉ ဒသမ ၁၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ပြည်နယ်အတွင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် မြန်မာစာဂုဏ်ထူးရှင် ၂၅ ဦး၊ အင်္ဂလိပ်စာဂုဏ်ထူးရှင် ခုနစ်ဦး၊ သင်္ချာဂုဏ်ထူးရှင် ၂၀၊ ဓာတုဗေဒဂုဏ်ထူးရှင် ၃၅ ဦး၊ ရူပဗေဒ ဂုဏ်ထူးရှင် ၆၈ ဦး၊ ဇီဝဗေဒဂုဏ်ထူးရှင် ၇၇ ဦး၊ ပထဝီဝင်ဘာသာရပ် ဂုဏ်ထူးရှင် ၇၈ ဦး၊ သမိုင်းဂုဏ်ထူးရှင် ၄၃ ဦး၊ ဘောဂဗေဒ ဂုဏ်ထူးရှင် ၁၂၁ ဦး စုစုပေါင်း ဘာသာရပ်အလိုက် ဂုဏ်ထူးဖြင့် အောင်မြင်သူ ၄၇၄ ဦးရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရ သည်။

**ကိုဇင်(လှိုင်ကော်)**



## နတ်မောက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက် ၄ နာရီက မြို့နယ်ပညာရေးမှူးရုံးရှေ့နှင့် မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ထုတ်ပြန်ခဲ့ရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း ၇၇ ဒသမ ၈၆ ရှိကြောင်း သိရသည်။

နတ်မောက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)စာစစ်ဌာန၌ ဝင်ရောက်ဖြေဆိုသူ ၅၆၉ ဦးအနက် ၄၄၃ ဦး အောင်မြင်ခဲ့ပြီး ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၄၀၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၄၀ နှင့် ရိုးရိုးဖြင့်အောင်မြင်သူ ၃၀၃ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**လှဝင်း(နတ်မောက်)**

## ရသေ့တောင်

ရသေ့တောင်မြို့နယ်၌ တက္ကသိုလ်ဝင်အောင်စာရင်းအား ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများက လာရောက်ကြည့်ရှုလျက်ရှိသည်။ ရသေ့တောင်မြို့နယ်ရှိ စာစစ်ဌာနနှစ်ခုတွင် ၂၀၂၂ - ၂၀၂၃ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၃၃ ဦးအနက် အောင်မြင်သူ ၇၅၀ ရှိသဖြင့် အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၅၆ ဒသမ ၂၆ ရာခိုင်နှုန်းရှိသည်။ အောင်မြင်သူများအနက် သုံးဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၅၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၅၇ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ရသေ့တောင်(ပြန်/ဆက်)**



## ကျောက်ဖြူ

ကျောက်ဖြူမြို့နယ်ရှိ စာစစ်ဌာနများတွင် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၈၂ ဦးရှိကာ အောင်မြင်သူ ၆၄၉ ဦးရှိပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၅၄ ဒသမ ၉၁ ရှိကြောင်း သိရသည်။

အလားတူ မာန်အောင်မြို့နယ်ရှိ စာစစ်ဌာနများတွင် ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၃၆၁ ဦးတွင် အောင်မြင်သူ ၂၁၅ ဦးရှိပြီး အောင်ချက်ရာခိုင်နှုန်း ၅၉ ဒသမ ၅၆ ဖြင့်လည်းကောင်း၊ ရမ်းဗြဲမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၆၉၈ ဦးအနက် အောင်မြင်သူ ၄၇၆ ဦး ရှိပြီး အောင်ချက်ရာခိုင်နှုန်း ၆၈ ဒသမ ၁၉ ဖြင့် လည်းကောင်း၊ အမ်းမြို့နယ်စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၈၂၀ အနက် အောင်မြင်သူ ၄၈၉ ဦးရှိပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၅၉ ဒသမ ၆၃ ဖြင့်လည်းကောင်း အောင်မြင်ခဲ့ကြကြောင်း မြို့နယ်ပညာရေးမှူးရုံးများမှ သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**

## မလှိုင်

မလှိုင်မြို့နယ်အတွင်းရှိ စာစစ်ဌာနအသီးသီးတွင် ယနေ့နံနက် ၆ နာရီမှ စတင်၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ကပ်ထားကြေညာလိုက်ပြီဖြစ်ရာ အောင်ချက်ရာခိုင်နှုန်း ၈၅ ဒသမ ၅၇ ရှိကြောင်းသိရသည်။ တက္ကသိုလ်ဝင်စာမေးပွဲကို မြို့နယ်အတွင်းရှိ စာစစ်ဌာန လေးခုတွင် ဝင်ရောက်ဖြေဆိုသူ ၉၉၁ ဦးအနက် ၈၄၈ ဦး အောင်မြင်ခဲ့သည်။ အဆိုပါ စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ၅၁ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၇၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၄၉ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၅၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၈၁ ဦး ၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၂၀၅ ဦး ရှိပြီး ဂုဏ်ထူးရရှိသူ စုစုပေါင်း ၅၁၃ ဦး၊ ရိုးရိုးအောင်မြင်သူ ၃၃၅ ဦးရှိကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**



## ကံမ

ကံမမြို့နယ်တွင် ၂၀၂၂ - ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက် ၆ နာရီက မြို့နယ်ပညာရေးမှူးရုံးနှင့် အခြေခံပညာအထက်တန်း(ကံမ)တွင် ကပ်ထားကြေညာထားသည်။

ကံမမြို့နယ်၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀၄ ဦး ဝင်ရောက်ဖြေဆိုရာ ၁၆၂ ဦး အောင်မြင်၍ အောင်မြင်မှုရာခိုင်နှုန်း ၇၉ ဒသမ ၄၁ရှိပြီး လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၃၅ ဦး စုစုပေါင်း ဂုဏ်ထူးဖြင့် အောင်မြင်သူ ၆၉ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ကျော်ဇေယျာဝင်း(ကံမ)**

## မိုင်းရယ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြင်ပဖြေဆိုသူ ၂၉ ဦးအနက် ၂၃ ဦး အောင်မြင်ခဲ့သဖြင့် အောင်ချက်ရာခိုင်နှုန်း ၇၉ ဒသမ ၃၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အဆိုပါ ဖြေဆိုအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများတွင် သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးထွက်ရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် လေးဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၆ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **မိုင်းရယ် (ပြန်/ဆက်)**

## မိုးကောင်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပညာရေးမှူးရုံးနှင့် အထက(၁) စာစစ်ဌာန၌လည်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူစာရင်းကို ထုတ်ပြန်ထားကြောင်း သိရသည်။

မိုးကောင်းမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၇၉၆ ဦးအနက် ၆၃၃ ဦး အောင်မြင်ခဲ့ရာ အောင်ချက်ရာခိုင်နှုန်း ၇၉ ဒသမ ၅၂ ရှိကြောင်း၊ အောင်မြင်သူများအနက် ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၅၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၇၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆၉ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၃၁၂ ဦးရှိကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**



## ပျဉ်းမနား

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနလေးခုတွင် ကျောင်းသား ကျောင်းသူ ၁၁၆၆ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၀ ၊ သုံးဘာသာဂုဏ်ထူးရှင် ၂၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၈၀ စုစုပေါင်း ၂၉၉ ဦး ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး ရိုးရိုးအောင်မြင်သူ ၅၂၇ ဦး၊ စုစုပေါင်းအောင်မြင်သူ ၈၂၆ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၇၀ ဒသမ ၈၄ ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

## အုတ်တွင်း

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း ၇၀ ဒသမ ၆၅ ရှိကြောင်း သိရသည်။ အုတ်တွင်းမြို့နယ်ရှိ အုတ်တွင်း၊ ကျွဲပွဲ၊ တပ်နယ်၊ ထန်းကုန်း စာစစ်ဌာနလေးခုမှ ၂၀၂၂-၂၀၂၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၄၀၂ ဦးရှိပြီး အောင်မြင်သူ ၂၈၄ ဦးရှိသည်။

အဆိုပါ အောင်မြင်သူများတွင် လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၈၅ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၁၀၇ ဦး ပေါ်ထွက်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**



# မြို့နယ်များ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်မှု ဓာတ်ပုံမြင်ကွင်း

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၉ ရက် နံနက်ပိုင်းမှစ၍ နိုင်ငံတစ်ဝန်းလုံး၌ ထုတ်ပြန်ခဲ့ရာ မြို့နယ်အသီးသီးရှိ ကျောင်းများ၌ အောင်စာရင်းထုတ်ပြန်ထားမှုနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုနေမှုများကို စုစည်းဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့



ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနလေးခုတွင် ဖြေဆိုသူ ၈၂၀ အနက် ၄၈၉ ဦးအောင်မြင်ခဲ့၍ အောင်ချက် ၅၉ ဒသမ ၆၃ ရာခိုင်နှုန်းရှိကြောင်းနှင့် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူရှစ်ဦးအပါအဝင် ဂုဏ်ထူးရရှိသူ ၂၀၀ ရှိကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ စာစစ်ဌာနနှစ်ခုတွင် ဖြေဆိုသူ ၆၄၇ ဦးအနက် အောင်မြင်သူ ၅၀၉ ဦးရှိ၍ အောင်ချက်ရာခိုင်နှုန်း ၇၈ ဒသမ ၆၇ ရှိပြီး ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရှင်လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆၉ ဦး ရှိသည်။

မြို့နယ် (ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ စာစစ်ဌာန ငါးခုတွင် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၇၃၁ ဦးရှိပြီး အောင်မြင်သူ ၅၆၂ ဦးရှိရာ အောင်မြင်မှုရာခိုင်နှုန်းမှာ ၇၆ ဒသမ ၈၈ ရှိကာ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၃၅ ဦးရှိသည်။ မျိုးသိန်း(ပြန်/ဆက်)



ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ စာစစ်ဌာနလေးခုတွင် ဝင်ရောက်ဖြေဆိုခဲ့သော ကျောင်းသား ကျောင်းသူ ၁၂၀၀ ရှိပြီး ၅၃၁ ဦးအောင်မြင်၍ အောင်ချက်ရာခိုင်နှုန်း ၄၄ ဒသမ၂၅ ရှိကာ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၈၄ ဦးရှိသည်။

မြို့နယ် (ပြန်/ဆက်)



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ စာစစ်ဌာနလေးခုတွင် ကျောင်းသား ကျောင်းသူ ၆၁၈ ဦးဝင်ရောက်ဖြေဆိုခဲ့ပြီး ၄၀၄ ဦး အောင်မြင်၍ အောင်မြင်မှုရာခိုင်နှုန်းမှာ ၆၅ ဒသမ ၃၇၂ ဖြစ်ကာ ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀၀ စုစုပေါင်း ၁၅၉ ဦး ရှိသည်။

မြို့နယ် (ပြန်/ဆက်)



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ စာမေးပွဲဖြေဆိုသူ ၈၆၈ ဦးအနက် ၄၆၅ ဦး အောင်မြင်ခဲ့သဖြင့် အောင်ချက်ရာခိုင်နှုန်း ၅၃ ဒသမ ၅၇ ရှိပြီး လေးဘာသာဂုဏ်ထူးရှင် တစ်ဦး ၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၆၁ ဦးရှိသည်။ မြို့နယ် (ပြန်/ဆက်)



ရခိုင်ပြည်နယ် မောင်တောမြို့၌ ဖြေဆိုသူ ၉၆၁ ဦးရှိခဲ့ပြီး အောင်မြင်သူ ၄၆၉ ဦးရှိ၍ အောင်ချက်ရာခိုင်နှုန်းမှာ ၄၈ ဒသမ ၈ ဖြစ်ကာ သုံးဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆၄ ဦး ရှိသည်။ ခရိုင်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ စာစစ်ဌာနလေးခုတွင် ဖြေဆိုသူ ၁၀၁၁ ဦး ရှိပြီး အောင်မြင်သူ ၅၉၇ ဦးရှိ၍ အောင်ချက်ရာခိုင်နှုန်း ၅၉ ဒသမ ၀၅ ရှိကာ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၄၄ ဦး ရှိသည်။

ခရိုင် (ပြန်/ဆက်)



ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ စာစစ်ဌာန ငါးခုတွင် ဝင်ရောက်ဖြေဆိုသူ ၁၃၂၈ ဦး အနက်အောင်မြင်သူ ၈၄၈ ဦး ရှိပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၆၃ ဒသမ ၈၆ ရာခိုင်နှုန်းရှိကာ သုံးဘာသာဂုဏ်ထူးရှင် ၉၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၆၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၃၆ ဦး ရှိသည်။

နီထွန်းအောင်(ပြန်/ဆက်)



## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## နိုင်ငံတကာသတင်း

### ဂျပန်ကေရာဇ်နှင့် မိဖုရားတို့ အင်ဒိုနီးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**တိုကျို ဇွန် ၉**

ဂျပန်ကေရာဇ် နာရူဟီတိုနှင့် မိဖုရား မာဆာကိုတို့သည် ယခုလ နှောင်းပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ခရီး သွားရောက်မည်ဟု သိရသည်။

၂၀၁၉ ခုနှစ် ထီးနန်းဆက်ခံသည့်အချိန်မှစတင်ကာ ပထမဦးဆုံးအကြိမ်အဖြစ် နိုင်ငံခြားခရီးစဉ် သွားရောက်ခြင်းလည်းဖြစ်သည်။ ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ ခုနစ်ရက် သွားရောက်မည်ဟု ဂျပန်အစိုးရအဖွဲ့က တရားဝင်အတည်ပြုခဲ့ပြီးဖြစ်သည်။

ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ကေရာဇ် နာရူဟီတိုနှင့် မိဖုရား မာဆာကိုတို့သည် ဟာနေဒါလေဆိပ်မှ ထွက်ခွာမည်ဖြစ်သည်။ မွန်းလွဲပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာသို့ ရောက်ရှိမည်ဖြစ်သည်။

ဇွန် ၁၉ ရက်တွင် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံမည်ဖြစ်သည်။ ဇွန် ၂၁ ရက်တွင် ဂျပန်ကေရာဇ်သည် ဂျာဗားကျွန်းအလယ်ပိုင်းရှိ ယော့ဂျ်ရာကာတာသို့ နှစ်ရက်ကြာ သွားရောက်ရန် စီစဉ်ထားသည်ဟု သိရသည်။



ဂျပန်ကေရာဇ် နာရူဟီတိုနှင့် မိဖုရား မာဆာကို။

**အင်န်အိတ်ချ်ကေ**

### ဖီဖာအမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ လက်မှတ်အရေအတွက် တစ်သန်းကျော် ရောင်းချထား

**ကင်ဘာရာ ဇွန် ၉**

၂၀၂၃ ခုနှစ်အတွက် ဖီဖာအမျိုးသမီးကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် လက်မှတ်အရေအတွက် တစ်သန်းကျော် ရောင်းချထားနိုင်ပြီး အဓိကမှတ်တိုင်တစ်ခုသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် လက်မှတ်အရေအတွက် ၁ ဒသမ ၀၃ သန်းကျော် ရောင်းချထားပြီးဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌ ဂျာနီအင်ဖန်တီနိုက ဇွန် ၉ ရက်တွင် ပြောသည်။

အဆိုပါ အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ယခုလက်မှတ်ရောင်းချရမှုပမာဏသည် ၂၀၁၉ ခုနှစ် ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သည့် အမျိုးသမီးကမ္ဘာ့ဖလားပွဲထက် ပို၍သာလွန်သည်ဟု သိရသည်။ သမိုင်းတစ်လျှောက် အမျိုးသမီး သီးသန့် အားကစားပြိုင်ပွဲမှာ လူအများအပြား တက်ရောက်သည့်ပွဲဖြစ်လာသည်။

ဇူလိုင် ၂၀ ရက်တွင် နယူးဇီလန်နိုင်ငံ အောက်ကလန်မြို့၌ ၁၉၉၅ ခုနှစ်က ချန်ပီယံ နော်ဝေအသင်းနှင့် အိမ်ရှင်နယူးဇီလန်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ပူးတွဲအိမ်ရှင်ဖြစ်သည့် ဩစတြေးလျအသင်းသည်လည်း ယင်းနေ့တွင်ပင် ဆစ်ဒနီမြို့၌ အိုင်ယာလန်အသင်းနှင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **ဆင်ဟွာ**

### ဖိလစ်ပိုင်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ဧပြီလတွင် ၄ ဒသမ ၅ ရာခိုင်နှုန်းကျဆင်း

**မနီလာ ဇွန် ၉**

ဖိလစ်ပိုင်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ မတ်လတွင် ၄ ဒသမ ၇ ရာခိုင်နှုန်းရှိရာမှ ဧပြီလတွင် ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်ဟု ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့(ပီအက်စ်အေ) က ဇွန် ၉ ရက်တွင် ပြောသည်။

၂၀၂၂ ခုနှစ် ဧပြီလတွင် အလုပ်လက်မဲ့ဦးရေ ၂ ဒသမ ၇၆ သန်းရှိရာမှ ငါးသိန်းဝန်းကျင် ကျဆင်းသွားသည်ဟု ပီအက်စ်အေအကြီးအကဲဖြစ်သူ ဒင်းမစ်မက်ပါက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ အသက်အုပ်စုအားလုံးတွင် အလုပ်လက်မဲ့ဦးရေ သိသိသာသာကျဆင်းသွားခြင်းဖြစ်သည်ဟု အမျိုးသားစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး အာဆီနီယို ဘယ်လီဆာကန်က ပြောသည်။ စီးပွားရေးဆိုင်ရာအရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရင်း အလုပ်သမားဈေးကွက်အခြေအနေကို တိုးတက်သည့်အတိုင်းအတာဖြင့် ဆက်လက်ထိန်းသွားထားရန် အစိုးရက ရည်ရွယ်ကြောင်း ၎င်းက ဆက်ပြောသည်။ **ဆင်ဟွာ**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၉**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ လက်ဝဲစာတိုက်ကျေးရွာရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့်ပူးပေါင်း၍ အစိုးရရပ်ကွက်ရှိ မြို့နယ်ဦးစီးမှူးရုံး၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ကကျက်ဘက်ကျေးရွာရှိ လမ်းဘေး ဝဲ/ယာ၌ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့် ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ ဘောင်းဒွတ်ကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးသည်။

ထို့အတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် စစ်တွေမြို့၊ ရေချမ်းပြင်ကျေးရွာ ကားလမ်းတစ်လျှောက်ရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ပါဒလိတ်ကျေးရွာရှိ လမ်းဘေး ဝဲ/ယာ၌ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများနှင့် ဂုံးပြင်သောင်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရွာသစ်ကေကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၉**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင်လည်း စစ်တွေမြို့ ဦးဉတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက် ပစ္စည်းများကို ပြင်ပ ပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြသည်။

ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၇၆ ဦး တွေ့ရှိ

(၉ - ၆ - ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၄၂၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၀၂) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၁၉,၀၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၅၅၁) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၄၆၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

❒ *ကျောဖုံးမှ*

ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု (က)ပွဲစဉ်များ ကျင်းပပြီးစီးထားရာ ဩစတြေးလျအသင်းနှင့် ဗီယက်နမ်အသင်း ခြေစစ်ပွဲအောင်မြင်ပြီးဖြစ်သည်။ အုပ်စု (က) တွင် ဩစတြေးလျနှင့် ဗီယက်နမ်အသင်း ခြေစစ်ပွဲအောင်မြင်ထားသလို အုပ်စု (ခ) တွင်လည်း တရုတ်အသင်းက ခြေစစ်ပွဲအောင်မြင်ရန် သေချာသွားပြီဖြစ်သည်။

**ရဲရင့်လွင်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၆ - ၂၀၂၃

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၉၅၀ ကျပ် | ၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၃၀ ကျပ် | ၂၀၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၃၅ ကျပ် | ၂၀၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၃၀ ကျပ် | ၂၁၈၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၂၂၉၅ | ၁၈၃၆၀၀၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၁၂၆ | ၃၅၉၁၅၀ |
| MCB | ၇၁၀၀ | ၇၁၀၀ | ၆၇ | ၄၇၅၇၀၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၇၃၂၀ | ၁၀၆၁၄၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၄ | ၉၈၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၂၀၆ | ၉၈၈၈၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာနံ့ဓေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒကန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာနံ့ဓေတီ ၁ ဆူ(ပိုင်မြကျောက်) မြန်မာငွေနှင့် ခိုင်းအင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂ ဆူ | ၇၂ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၇၁)ပေ | ၆၀၀၀၀ | ၁ ထုံး | ၁၉၁၁၃ သိန်း | ၄၁၈၈၇ သိန်း |
| ၃။ | ဘုရားမျှော်စင်(၇၄×၁၀၀×၇၂)ပေ | ၂၉၇၁.၀၀ | ၆ | ၆ | - |
| ၄။ | ဓမ္မာရုံ(၄၈×၂၄×၂၉)ပေ | ၄၈၀၀.၀၀ | ၁ | - | ၁ |
| ၅။ | [illegible](၇၂၀×၇၂၀)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၇၄၄.၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း အဆောက်အဦ RC Structure လုပ်ငန်း မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၇၂၈၄.၇၀ | ၁ | - | ၁ |
| ၈။ | ရေချိုးခန်းအဆောင်(အရှည် ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်းအတွင်း[illegible](၁၀ ပေ x ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာ့ရှေးဟောင်း[illegible] ၂၇ ပေခန်း | ၄၁.၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ဆောင်တိုင်(ကျောင်မြန်မာမှုပါ) | ၀၂.၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆.၈၅ | ၂၀၀ တိုင် | - | ၂၀၀ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၅.၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း [illegible] (ကျောင်မြန်မာမှုပါ) | ၇.၀၀ | ၆၂၂ ခု | ၁၁၁ ခု | ၅၁၁ ခု |
| ၁၆။ | ကျောက်ကျောက်ပြား ၁ ကျင်းနှုန်း | ၈.၅၀ | ၇၇၇၆.၂၅ ကျင်း | - | ၇၇၇၆.၂၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၆.၅၀ | ၂၁၈.၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉.၁၄ ကျင်း |
| ၁၈။ | ကျွန်းတဆုံ ၈ ထောင့်ပေ[illegible] | ၆.၅၀ | ၈၇၇၇ ကျင်း | - | ၈၇၇၇ ကျင်း |
| ၁၉။ | မုစလိန္ဒကန် | ၂,၇၇၁.၀၂ | ၁ | ၅၇၈၅ သိန်း | ၁၇၇၄၆.၀၂ သိန်း |
| | (က) မုစလိန္ဒကန်ရေကန်လုပ်ငန်း | ၆၇၁၁.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒကန်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆.၃၈ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒကန်အတွင်း[illegible] | | | | |
| | ၁။ [illegible](၇၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၂။ [illegible](၇၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၃။ [illegible](၆၄၈၂ စပေ) | ၂၉၄.၂၈ | ၁ | - | ၁ |
| | ၄။ [illegible](၅၅၇၂ စပေ) | ၂,၃၀၆.၄၀ | ၁ | - | ၁ |
| | (ဃ) ကျောက်ကျောက်ပြားခင်းခြင်း(၃၁၇.၆၅ ကျင်း) | ၈.၅၀ | ၃၁၇.၆၅ | - | ၃၁၇.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်ပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၁.၂၀ | ၄၇ | - | ၄၇ |
| | (စ) အလှဝင်/အမြင့် မီးနှင့်အမြင့်ရေပန်းတပ်ဆင်ခြင်း | | | | |
| | ၁။ အလှဝင်/အမြင့် မီးဆက်သွယ်ခြင်း | ၅၇၀.၀၀ | ၁ | - | ၁ |
| | ၂။ အမြင့်ရေပန်းဆက်သွယ်ခြင်း | ၇၂၀.၀၀ | ၁ | - | ၁ |
| ၂၀။ | ရေချိုးရွှေခွက်ပုံ[illegible](၁၂ ပေ x ၁၇၆ ပေ) | ၂၇၉.၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာ/ပါဠိ)နှင့် မြန်မာဘာသာပြန် ၂ မျက်နှာစီ(Creamy Paper) လှူဒါန်းနိုင်ရေး၅၃ ကျမ်း(၄၀ အုပ်)ဖြစ်လျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၃၈၆ စုံ | ၆၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာ/ပါဠိ)နှင့် မြန်မာဘာသာပြန် ၂ မျက်နှာစီ(Bible Paper) လှူဒါန်းနိုင်ရေး၅၃ ကျမ်း(၄၀ အုပ်)ဖြစ်လျှင် | ၂၀.၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀ ၂၀၁၇၀၀ ၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့
## ပဲခူးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း အောက်ပါ တည်ဆောက် ရေးလုပ်ငန်း များအား ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံ သားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Lot-1 ညောင်လေးပင်ခရိုင် - စုပေါင်းရုံး(၃)ထပ် တည်ဆောက်ခြင်း (စတုရန်းပေ ၂၈၁၀၀)(RC)

(ခ) Lot-2 နတ်တလင်းခရိုင် - စုပေါင်းရုံး(၃)ထပ် တည်ဆောက်ခြင်း (စတုရန်းပေ ၂၈၁၀၀)(RC)

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့် နေ့ရက်** - ၁၂-၆-၂၀၂၃ရက်နေ့မှ ၂၆-၆-၂၀၂၃ရက်အထိ
**တင်ဒါလျှောက်လွှာပိတ်မည့် နေ့ရက်နှင့် အချိန်** - ၂၇-၆-၂၀၂၃ရက်နေ့ ၁၆:၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး

၃။ ဈေးပြိုင် အဆိုပြုလွှာ ပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါ တင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်း ကိုယ်တိုင်(သို့မဟုတ်)၎င်းတို့၏ တရားဝင် ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့် ပုံစံများအား တစ်စုံလျှင် (၁၅၀၀၀/-) (ကျပ်တစ်သောင်းငါးထောင်တိတိ) ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ပဲခူးမြို့ထံ လိပ်မူ၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီ၊ ပဲခူးမြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ် ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် - ၀၅၂-၂၂၀၁၈၃၇ သို့ ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/သူကြီးစုရပ်)၊ ဦးပိုင်အမှတ် (၄၅)၊ ဧရိယာ ၀.၁၀၈ဧကရှိ အိမ်ဝိုင်းမြေကွက်နှင့် မြေနေရာသည် ဦးအေးကြူ-ဒေါ်နွဲ့နွဲ့ဝင်းတို့ ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါ သည်။ မိခင်ဖြစ်သူ ဒေါ်နွဲ့နွဲ့ဝင်းမှာ (၂၀၀၄) ခုနှစ်၌ ကွယ်လွန်ပြီး ဖခင်ဖြစ်သူ ဦးအေးကြူမှာလည်း (၂၀၂၂)ခုနှစ်တွင် အသီးသီး ကွယ်လွန်သွားခဲ့ပါသည်။ ၎င်းတို့ကွယ်လွန်ချိန်တွင် သား၊ သမီး (၄)ဦး ကျန်ရစ်ခဲ့ပါသည်။ ၎င်းတို့မှာ (၁) သားကြီး ကိုမျိုးမင်းဦး၊ (၂) သမီးကြီး မနှင်းသန္တာ၊ (၃) သားလတ် ကိုမျိုးမင်းသိန်း၊ (၄)သားငယ်ကိုသက်ထွန်းလင်းတို့ဖြစ်ကြပါသည်။ ထို့ကြောင့် ၎င်းတို့သား၊ သမီး (၄)ဦးမှာ ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးများဖြစ်သည့်အတွက် မိဘများ၏အမည်ဖြင့် ကျန်ရစ်ခဲ့သော အထက်ဖော်ပြပါမြေကွက်ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဥပဒေတို့အရ အတူတကွ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်ဝိုင်းအား တစ်ဦးတစ်ယောက်တည်း၏ သဘော ဆန္ဒဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း တို့ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမွန်စံ (LL.B)** **ဒေါ်တင့်တင့်ဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၀၂၇) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၀၈)**
**သာယာကုန်း (၂)၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၈၉၅၄၅၇၉၀၅၊ ၀၉-၄၀၃၇၀၇၃၅၂**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ ရေနံ့သာလမ်း၊ အမှတ် (၁၉၅)ဟု ခေါ် တွင်သော ပေ(အလျား ၄၀xအနံ ၆၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဆန်းဝင်း ၁၂/ဥကတ(နိုင်)၀၄၇၅၆၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ဖော်ပြပါမြေကွက်အား သက်ဆိုင်ရာ ကန့်ကွက် လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်း များနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၈၇)**
**တိုက်-၄၆၊ ဒုတိယထပ်၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၀၇၀၄၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/56679 ယာဉ် လက်ဝယ်ရှိသူ ဦးချမ်းငြိမ်းအောင် ၇/တငန(နိုင်)၂၂၁၅၅၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/20354 ယာဉ် လက်ဝယ်ရှိသူ ဦးသန်းဇော် ၇/သနပ (နိုင်)၀၆၄၁၁၄ က (ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ခုတင်(၂၀၀)ဆံ့၊ ပြည်သူ့ဆေးရုံကြီး
## မြောင်းမြမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောင်းမြခရိုင် ကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာ ပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၁၂-၆-၂၀၂၃ရက်
**တင်ဒါ ပိတ်မည့်အချိန်** - ၁၁-၇-၂၀၂၃ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများ အသေးစိတ် သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူ နိုင်ပါသည်-

**တင်ဒါရွေးချယ်ရေးကော်မတီ**
**ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့၊ ဖုန်း-၀၄၂-၇၀၄၆၂**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူ မြို့နယ်၊ အထက (ကျွန်းကုန်း) Grade-4 မှ မောင်ချစ်မျိုး၏ ဖခင်အမည်မှန်မှာ ဦးကျင်စိုး ၇/ တငန(နိုင်)၀၁၇၂၅၁ ဖြစ်ပါ ကြောင်း။

**ဦးကျင်စိုး**

## အမည်ပြောင်း

ဟုမ္မလင်းမြို့၊ အထက(၁)G-7မှ ဦးအောင်မိုး ၅/ကလန(နိုင်) ၁၁၂၁၇၆ ၏သား မောင်ဇေယု လွင်အား မောင်ခန့်ပိုင်အောင် ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ခန့်ပိုင်အောင်**

## အမည်မှန်

ရခိုင်ပြည်နယ်၊ မာန်အောင် မြို့နယ်၊ အထက(ခွဲ)ဈေးတန်း ကျောင်းမှ (ဘ)ဦးရဲလွင် ၁၁/မပတ (နိုင်)၀၃၆၀၆၉ ၏သမီး Grade-6 ကျောင်းသူ မဇူးလဲ့လဲ့အောင်၏ အမည်မှန်မှာ မဇူဇူးလဲ့အောင် ဖြစ်ပါကြောင်း။

**မဇူဇူးလဲ့အောင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၆-၂၀၂၃ရက်နေ့ထုတ် ဤ သတင်းစာတိုက်၏ စာမျက်နှာ (၂၇)တွင် ငြင်းချက်ထုတ်ရန် ဆင့်စာခေါ်ကြီးပိုင်း၏ တရားရုံး အမည်နေရာတွင် သဃ်န်းကျွန်း မြို့နယ် တရားရုံးတော်အစား သဃ်န်းကျွန်းခရိုင်တရားရုံးတော် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ် ၂၆/ ကျောင်းကုန်း ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၊ ဗန္ဓုလလမ်း၊ အမှတ် ၂၈၈/ခ ဟုခေါ်တွင် သော အကျယ်အဝန်း ပေ (၂၀ x၆၀)ရှိသော ခြံမြေ(ဦးမောင်မောင်တာ အမည် ပေါက်) အကျယ်အဝန်းပေ(၂၀x၆၀) ရှိသော အိမ်ခြံမြေအား ဆက်စပ် စာချုပ် စာတမ်းတို့ဖြင့် ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူ ဒေါ်နွဲ့နွဲ့ထွန်း ၇/စကန (နိုင်) ၁၅၅၇၃၈ ထံ မှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇင်လတ် ၁၂/အစန(နိုင်) ၁၉၄၀၂၃ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်၍ ကန့်ကွက် လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်း များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်လတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့လဲ့ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၇၄)**
**အမှတ် ၁၁၄၉/က၊ သီတာ ၆လမ်း၊ ထ/၁၆ ရပ်ကွက်၊ ရွှေပြည်သာ မြို့နယ်**
**ဖုန်း-၀၉- ၉၆၀၄၄၂၉၂၉၊၀၉-၄၂၀၁၃၅၃၅၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ဆေးစက်၊ လူနေရပ်ကွက်အမှတ်-ဆေးစက်၊ မြေကွက်အမှတ် -၈၈ရှိ နှစ်(၆၀) ဂရန်မြေ ကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဆေးစက် ရပ်ကွက်၊ အလင်းရောင်လမ်း၊ အမှတ် ၈၈ဟုခေါ်တွင်သော နေအိမ် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဝင်း ၁၂/ဒပန(နိုင်)၀၁၁၇၃၁ က သမီး အရင်းဖြစ်သူ ဒေါ်စောနှင်းလတ် ၁၂/ဒပန(နိုင်) ၀၄၂၃၉၀ အားမေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်း အပေါ် ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့် ပေးကမ်း ခြင်း မှတ်ပုံတင်စာချုပ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၅၃)**
**အမှတ် ၃၆၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊(၂)ရပ်ကွက်**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၉၉၃၄၄၃၅**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာ၊ ဝေဠုဝန်လမ်း၊ အမှတ် (၄၃၀)တွင် ဖွင့်လှစ်ထားသော HEALTHY GURU MYANMAR CO.,LTD.၏ ဒါရိုက်တာ ဒေါ်စုဇင်ဖြိုး ၁၄/ပစလ(နိုင်) ၀၇၇၂၆၇မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာသည်မှာ-

(၁) HEALTHY GURU MYANMAR CO.,LTD. သည် စီးပွားရေး လောကတွင် ကောင်းသောဂုဏ်သတင်းရှိသည့် ကုမ္ပဏီဖြစ်ပါသည်။

(၂) ယခုအခါ ကုမ္ပဏီ၏ဒါရိုက်တာ ကျွန်မ ဒေါ်စုဇင်ဖြိုးအနေဖြင့် ကျန်းမာရေးမကောင်း၍ ဆေးကုသရမည်ဖြစ်ရာ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(၃) ကုမ္ပဏီလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်ပါက မိတ်ဖက် စီးပွားရေးလုပ်ငန်းရှင်များအား အသိပေး အကြောင်းကြားမည် ဖြစ်ပါသည်။

**ဒေါ်စုဇင်ဖြိုး**
**၁၄/ပစလ(နိုင်)၀၇၇၂၆၇**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင် မြောက်ပိုင်း၊ မင်္ဂလာလမ်းနေ ဦးဇော်မျိုးဦး ၇/ညလပ(နိုင်) ၁၁၆၂၆၄၏သမီး မနေခြည် ဝတ်မှုန်အား မအိမ်စည်နန်းဦး ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

နမ့်ခမ်းမြို့နယ်၊ အောင်မင်္ဂလာ ရပ်ကွက်နေ ဦးသန်းဝင်းဦး ၁၃/နခန (နိုင်)၀၆၁၇၅၄နှင့် လွေးလီအောင် ၁၃/နခန(နိုင်)၀၆၁၇၂၂တို့၏သမီး အထက (၁)Grade-8 မှ လွေးဌေးဌေး လွင်အား လွေးအေဌေးဌေးလွင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**လွေးအေဌေးဌေးလွင်**

## အမည်မှန်

